INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းဆိုင်ရာ မိတ်ဆက်

## အရေးပါသော ထည့်သွင်းစဉ်းစားရမည့် အချက်များ

မူဝါဒ စာတမ်း

ဒီဇင်ဘာ ၂၀၁၁

# International IDEA ဆိုသည်မှာ

## International IDEA ဆိုသည်မှာအဘယ်နည်း။

International IDEA သည် ကမ္ဘာအနှံ့တွင် ဒီမိုကရေစီရေရှည်တည်တံ့ရေးကို ကူညီပံ့ပိုးပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ International IDEA ၏ အဓိကပန်းတိုင်မှာ နိုင်ငံယှဉ်ရဗဟုသုတများ ဝေငှခြင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ကူညီထောက်ပံ့ခြင်းနှင့် အရေးပါသည့်မူဝါဒများနှင့် နိုင်ငံရေးများကို ကူညီဖေါ်ဆောင်ပေးခြင်းနည်းလမ်းများဖြင့် ရေရှည်တည်တံ့သောဒီမိုကရေစီအပြောင်းအလဲများအား ပံ့ပိုးကူညီပေးရန်ဖြစ်သည်။

## Internation IDEA က ဘာတွေလုပ်သနည်း။

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီစနစ်အတွင်း ကျား/မရေးရာကိစ္စရပ်များနှင့် အမျိုးသမီးတို့၏ နိုင်ငံရေးလုပ်ကိုင်မှုများမြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီစနစ်အား ကိုယ်တိုင်အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ဒီမိုကရေစီစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ စသည့်နယ်ပယ်များတွင် IDEA သည် ၎င်း၏လုပ်ငန်းများကို လုပ်ငန်းအမျိုးအစား (၃) မျိုးခွဲ၍ဆောင်ရွက်ပါသည် -

- ကမ္ဘာတစ်လွှားရှိ ကွဲပြားခြားနားသောအခြေအနေများတွင် ဒီမိုကရေစီတည်ဆောက်ခြင်းဖြစ်စဉ်တို့၏ လက်တွေ့အတွေ့အကြုံများမှ ထွက်ပေါ်လာသည့်နိုင်ငံယှဉ်ရ ဗဟုသုတတို့ကို ဖြည့်ဆည်းပေးခြင်း။
- ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များအား ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံရေးပိုင်းဆိုင်ရာလုပ်ကိုင်ဆောင်ရွက်နေကြသူများအား ကူညီပံ့ပိုးပေးခြင်းနှင့် ဖိတ်ကြားခံရပါက နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ခြင်း။
- ကျွန်ုပ်တို့၏ နိုင်ငံယှဉ်ရဗဟုသုတအရင်းအမြစ်များနှင့် ကူညီထောက်ပံ့မှုတို့အား နိုင်ငံရေးပိုင်းဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်နေသူများသို့ ကူညီပံ့ပိုးပေးခြင်းအားဖြင့် ဒီမိုကရေစီတည်ဆောက်ခြင်းမူဝါဒများ လွှမ်းမိုးနိုင်အောင်လုပ်ဆောင်ခြင်း။

## International IDEA သည် မည်သည့်နေရာဒေသများတွင် လုပ်ငန်းလုပ်ကိုင်ပါသနည်း။

Internation IDEA သည် ကမ္ဘာအနှံ့တွင် လုပ်ငန်းဆောင်ရွက်ပါသည်။ ဆွီဒင်နိုင်ငံ၊ စတော့ခ်ဟုမ်းမြို့တွင် အခြေစိုက်ပြီး အာဖရိက၊ အာရှနှင့် လက်တင်အမေရိကဒေသတို့အတွင်း ရုံးခွဲများဖွင့်လှစ်၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် International IDEA အဖွဲ့၏ အရင်းအမြစ်များ
© International Institute for Democracy and Electoral Assistance 2011
International IDEA အဖွဲ့၏ စာအုပ်စာတမ်းများသည် နိုင်ငံတစ်ခုတည်း သို့မဟုတ် နိုင်ငံရေးတစ်ခုတည်း၏ အကျိုးစီးပွားအပေါ် ရေးရှုခြင်းမဟုတ်ပါ။ ယခု စာတမ်းတွင် ပါဝင်သည့် အမြင်များသည် International IDEA အဖွဲ့အစည်း၊ International IDEA ၏ ဘုတ်အဖွဲ့ သို့မဟုတ် International IDEA ၏ ကောင်စီအဖွဲ့ဝင်များ၏ အမြင်များအား ကိုယ်စားပြုခြင်းမရှိနိုင်ပါ။

ယခုစာတမ်း သို့မဟုတ် ယခုစာတမ်း၏ တစ်စိတ်တစ်ပိုင်းအား ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်း ပြုလုပ်လိုပါလျှင် အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။
International IDEA
Publications Office
SE -103 34 Stockholm
Sweden

International IDEA သည် မိမိတို့၏ စာအုပ်စာတမ်းများအား ပြန်လည်အသုံးပြုဖြန့်ဝေခြင်းကို အားပေးသည့်အားလျော်စွာ ၎င်းတို့အား ပြန်လည်ထုတ်ဝေရန် သို့မဟုတ် ဘာသာပြန်ဆိုရန် တောင်းခံချက်များအား တုံ့ဆိုင်းခြင်းမရှိဘဲ အကြောင်းပြန်ကြားလေ့ရှိပါသည်။

Graphic design by: Min Zaw Oo
ISBN: 978-91-86565-21-3

# မာတိကာ


**အဓိကအကြံပြုချက်များ** ၄

**စာတမ်းမိတ်ဆက်** ၅

**နောက်ခံသမိုင်းကြောင်းနှင့် နိဒါန်း** ၆

- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၇
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း- အခြားသော မည်သည့်အိုင်စီတီနည်းပညာ အသုံးပြုမှုတို့နှင့်မျှ မနှိုင်းယှဉ်နိုင်ဘူးလော။ ၇
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းနှင့်စပ်လျဉ်းသည့်အားသာချက်များ ၈
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းနှင့်စပ်လျဉ်းသည့် အားနည်းချက်များ ၉
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များ၏ ပုံမှန်လက္ခဏာများနှင့် လုပ်ငန်း ဆောင်ရွက်ပုံများ ၁၀
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များအား အမျိုးအစားခွဲခြားခြင်း။ ၁၂

**လမ်းညွှန်မှုများနှင့် ယေဘုယျရည်မှန်းချက်** ၁၇

**အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းဆိုင်ရာ ယုံကြည်မှုပိရမစ်** ၁၈

- ပြည်သူတို့၏ယုံကြည်မှုနှင့် စိတ်ချမှုတို့မှတစ်ဆင့်အများလက်ခံယုံကြည်သော ရွေးကောက်ပွဲလုပ်ငန်းစဉ် ၁၈
- လူမှု-နိုင်ငံရေးဆိုင်ရာပတ်ဝန်းကျင် ၁၉
- လက်တွေ့လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်များ ၂၄

***အကြံပြုထောက်ခံချက်များ*** ၃၃

နောက်ဆက်တွဲ (က) ၃၆

နောက်ဆက်တွဲ (ခ) ၃၈

အတိုကောက်စကားလုံးများ ၄၂

ကျေးဇူးတင်လွှာ ၄၃

# အဓိကအကြံပြုချက်များ

၁ ဦးတည်ချက်များကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုပါ။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည် အသင့်တော်ဆုံးသောအဖြေတစ်ခုဖြစ်ကြောင်း သေချာအောင်ပြုလုပ်ပါ။

၂ စိန်ခေါ်ချက်မှုများကို သတိပြုပါ။ လက်ရှိဖြစ်ပေါ်နေသောစနစ်များတွင် မည်သည့်စနစ်မှ ပြီးပြည့်စုံမှု မရှိပေ။ ထို့အတူပင် ပြီးပြည့်စုံသော အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်ဆိုသည်မှာ မည်သို့ မည်ပုံဖြစ်ရမည် ဆိုသည့် သဘောတူညီချက်တစ်ရပ်လည်းမရှိသေးပါ။ ပြီးခဲ့သည့်နိုင်ငံတကာအတွေ့ အကြုံများမှ လေ့လာသင်ယူပါ။

၃ အဓိကကျသည့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများကို ပါဝင်လာအောင်ဆွဲဆောင်ပါ။ စနစ်ကို ဆန့်ကျင်သူများ အနေဖြင့် ကန့်ကွက်မှုများနှင့် အားနည်းချက်များကို ရှာဖွေဖော်ထုတ်လာနိုင်ပါသည်။ ထို့အပြင်စနစ်ကိုသာမက ရွေးကောက်ပွဲ ဖြစ်စဉ်ကြီးတစ်ခုလုံးကိုပင် ယုံကြည်မှုကင်းမဲ့လာစေရန် ဖန်တီး လာနိုင်သည်။

၄ စာရင်းစစ်ဆေးခြင်းနှင့် အသိအမှတ်ပြုစစ်ဆေးခြင်းတို့ပြုလုပ်ခွင့်ပေးပါ။ ယင်းတို့မှာ အရေးကြီး သည့် ယုံကြည်မှုတည်ဆောက်ရေးစံနှုန်းများပင်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများအား လုပ်ထုံးလုပ်နည်းများနှင့် မှတ်တမ်းပြုစုခြင်းကို လက်လှမ်းမီသမျှ ပါဝင် ကြည့်ရှု ခွင့်ပေးသင့်ပါသည်။

၅ စီမံကိန်းအကောင်အထည်ဖော်မှုအတွက် လုံလောက်သည့်အချိန်ကို ခွင့်ပြုပါ။ များသောအားဖြင့် တင်ဒါအောင်ပြီးနောက် နည်းပညာပိုင်းဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်မှုသည် အနည်းဆုံး (၁) နှစ်ခန့် အချိန်ယူရပြီး အီလက်ထရောနစ်မဲပေးစနစ်ကို လူမှုရေးပိုင်းအရ လက်ခံလာနိုင်စေရန်အတွက် များစွာ ပိုမို၍ အချိန်ပေးရတတ်ပါသည်။

၆ သင်တန်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူနှင့် မဲဆန္ဒရှင်တို့အား ပညာပေးခြင်းတို့ အတွက် စီစဉ်ထားပါ။ သတင်းအချက်အလက်ကောင်းမွန်စွာရရှိနေသည့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများသည် စနစ်သစ်ကို ပိုမို၍လွယ်ကူစွာယုံကြည်လာနိုင်မည်ဖြစ်သည်။

၇ ရေရှည်တည်တံ့ရေးအတွက်ကြိုတင်စဉ်းစား၍ အနာဂတ်အတွက်ကြိုတင်စီစဉ်ထားပါ။ ပထမဦးဆုံး အကြိမ်ဝယ်ယူသည့်အချိန်တွင် ကုန်ကျသည့်စရိတ်တစ်ခုတည်းအတွက်သာမကဘဲ ပြန်လည်သုံးသပ် ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်အစားထိုးခြင်းများအပြင် အချိန်နှင့်အမျှပေါ်ပေါက်လာသည့် လိုအပ်ချက် အသစ်များနှင့် အညီ ညှိနှိုင်းပြင်ဆင်ချက်များအပါအဝင် အဆိုပါစနစ်အား ပိုင်ဆိုင်ခြင်း၏ စုစုပေါင်းကုန်ကျစရိတ်ကို ထည့်သွင်းစဉ်းစားထားပါ။

# စာတမ်းမိတ်ဆက်

ရွေးကောက်ပွဲများတွင် နည်းပညာအဆင့်မြှင့်တင်မှုများသည် အမြဲတမ်းစေ့စပ်သေချာစွာ လုပ်ဆောင်ရန်နှင့် ကြိုတင်အစီအစဉ်ချမှတ်ထားရန်လိုအပ်သော စိန်ခေါ်မှုရှိသည့် စီမံကိန်းများဖြစ်ကြသည်။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း (e-voting ဟုလည်းခေါ်သည်) ကို စတင်မိတ်ဆက်ပေးခြင်းသည် အခက်ခဲဆုံးသော အဆင့်မြှင့်တင်မှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနည်းပညာသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး၏ ပင်မအူတိုင်ဖြစ်သော မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့နှင့် သက်ဆိုင်နေသောကြောင့်ဖြစ်သည်။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်သည် ဤလုပ်ငန်းစဉ်အတွင်း၌ လူဖြင့်တိုက်ရိုက်ထိန်းချုပ်မှုနှင့် လွှမ်းမိုးမှုကို ကြီးမားစွာလျော့ချလိုက်သည်။ ထို့အတွက်ကြောင့်အချို့သော ရွေးကောက်ပွဲဆိုင်ရာ ပြဿနာဟောင်းများကို ဖြေရှင်းရန်အတွက် အခွင့်အလမ်းများပေါ်ပေါက်လာသော်လည်း စိုးရိမ်ပူပန်ဖွယ်ရာအသစ်များကိုလည်း ထွက်ပေါ်လာစေပါသည်။ အကျိုးဆက်အားဖြင့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းသည် ပိုမိုများပြားသော ဝေဖန်မှုများနှင့် အတိုက်အခံပြုမှုများတို့ကို ဖြစ်ပေါ်စေပြီး ရွေးကောက်ပွဲများတွင် အသုံးပြုသည့် မည်သည့်အိုင်တီနည်းပညာထက်မဆို အငြင်းပွားမှုများ ပိုမို၍ ဖြစ်ပေါ်စေပါသည်။

ဤစာတမ်းသည် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို အောင်မြင်စွာအစပျိုးရန်အတွက် သေချာသောနည်းနာတစ်ရပ်ကို ပေးစွမ်းနိုင်မည် မဟုတ်ပါ။ ထို့ထက်စာလျှင် ယခုစာတမ်းတွင် ဤနည်းပညာအသုံးပြုရာ၌ မကြာခဏပေါ်ပေါက်လေ့ရှိသော စိန်ခေါ်မှုများနှင့် စိုးရိမ်ပူပန်ဖွယ်အချို့ကို ဖော်ပြထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာများရေးဆွဲရာတွင် ဤစာတမ်းကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

နိဒါန်းအခန်းတွင် နောက်ခံသမိုင်းကြောင်းကို တင်ပြထားပြီး အငြင်းပွားဖွယ်ရာဖြစ်နိုင်မှုများ၏ ရေသောက်မြစ်များ ဖြစ်ကြသည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း၏လက္ခဏာများနှင့် နည်းပညာဆိုင်ရာ နည်းလမ်းအမျိုးမျိုး တို့ကိုဖော်ပြထားပါသည်။ ထို့အပြင် ဤနည်းပညာ၏ အားသာချက်များနှင့် အားနည်းချက်များအပေါ် ခြုံငုံသုံးသပ်မှုကို လည်း ဖော်ပြထားပါသည်။

ဤနောက်ခံသမိုင်းကြောင်းပေါ်အခြေခံ၍ ယခုစာတမ်းသည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လမ်းညွှန်မှုများနှင့် ယေဘုယျရည်မှန်းချက်များကို မိတ်ဆက်ဖော်ပြ ထားပါသည်။ ဤနည်းပညာအသစ်အပေါ် ယုံကြည်မှုတည်ဆောက်ခြင်းကိုလည်း အလေးပေးဖော်ပြထားသည်။ ဤယုံကြည်မှုတည်ဆောက်ခြင်းကို လက်တွေ့ဆောင်ရွက်မှုအပေါ်သက်ရောက်နေသည့် အမျိုးမျိုးသော အချက်များကို အလွှာသုံးခုရှိ ယုံကြည်မှုပိရမစ်ပုံစံဖြင့် မြင်သာအောင်ဖော်ပြထားပြီး အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေမည့်အခြေအနေများကို ဖော်ပြ ပေးထားပါသည်။ ဤပိရမစ်၏ အလွှာသုံးခုလုံးမှာ နီးကပ်စွာအပြန်အလှန် ဆက်စပ်နေပါသည်။ ဤပိရမစ်၏ အလွှာအားလုံးတွင် တပြိုင်နက်ဆောင်ရွက်ရန်လိုအပ်သည်မှာ ယုံကြည်မှုတည်ဆောက်ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းမှာ ပုံမှန်အားဖြင့် နှစ်ပေါင်းအတော်များများနှင့် ရွေးကောက်ပွဲစက်ဝန်း အတော်များများ ကြာမြင့် သည်အထိ အချိန်ယူရလေ့ရှိပါသည်။ အလွှာတစ်ခု၏ အားနည်းချက်သည် အခြားသောအလွှာအားလုံးကိုပါ ထိခိုက်သွားစေနိုင်ပြီး စနစ်တစ်ခုလုံးအပေါ် ယုံကြည်မှု ပျောက်ဆုံးသွားခြင်းသို့လည်း လျင်မြန်စွာဦးတည်သွား နိုင်ခြေရှိပါသည်။

အဆုံးသတ်တွင်တော့ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များကို အကောင်အထည်ဖော် ကျင့်သုံးနေသူများအတွက် အဓိကအကြံပြုထောက်ခံချက်အချို့ကို ဤစာတမ်းတွင် အဆိုပြုထားပါသည်။

# နောက်ခံသမိုင်းကြောင်း နှင့် နိဒါန်း

မဲရုံများတွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအား ကမ္ဘာ့အကြီးမားဆုံးသောဒီမိုကရေစီနိုင်ငံအချို့တွင်သာ အသားကျကျင့်သုံးလျက်ရှိပါသည်။ အင်တာနက်မှမဲပေးခြင်းကိုမူ အဓိကအားဖြင့် သေးငယ်၍ သမိုင်းကြောင်း အရ ပဋိပက္ခကင်းစင်သည့် နိုင်ငံအချို့တွင် အသုံးပြုနေကြပါသည်။ ယခုအချိန်တွင် နိုင်ငံများစွာတို့သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အမျိုးမျိုးသောကဏ္ဍတို့အား တိုးတက်ဖွံ့ဖြိုးစေလိုသည့်ရည်ရွယ်ချက်ဖြင့် အီလက် ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အား စတင်မိတ်ဆက်အသုံးပြုရန် စဉ်းစားနေကြပြီဖြစ်သည်။ အီလက်ထရော နစ်နည်းဖြင့်မဲပေးခြင်းကို အများအားဖြင့် ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအပေါ် ယုံကြည်မှုတည်ဆောက်ရေး၊ ရွေးကောက်ပွဲရလဒ်များအပေါ် အများယုံကြည်မှုမြင့်တက်လာရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး၏ စွမ်းဆောင်နိုင်ရည်မြင့်မားစေရေးတို့အတွက် ကိရိယာတစ်ခုအဖြစ် ရှုမြင်တတ်ကြသည်။ အဆိုပါနည်းပညာသည် လျင်မြန်စွာတိုးတက်ပြောင်းလဲနေပြီး ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲသူများ၊ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရောင်းချသူများနှင့် စံနှုန်းသတ်မှတ်ခြင်းဆိုင်ရာ အဖွဲ့အစည်းများက ၎င်းတို့၏နည်းစနစ်များနှင့် ချဉ်းကပ်မှုများကို စဉ်ဆက်မပြတ် ဆန်းသစ်မှုများ ပြုလုပ်နေလျက်ရှိကြသည်။

သေချာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းသည် ပုံမှန်ဖြစ်ပေါ်နေကြမသမာမှုများကိုတားဆီးနိုင်ခြင်း၊ ရွေးကောက်ပွဲရလဒ်များတွက်ချက်သည့်လုပ်ငန်းစဉ်အား ပိုမိုမြန်ဆန်စေခြင်း၊ လက်လှမ်းမီမှုအားတိုးပွားလာစေနိုင်ခြင်း၊ နိုင်ငံသားများမဲပေးရာတွင် ပို၍အဆင်ပြေချောမွေ့စေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ အချို့သောအခြေအနေများ၌ ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းများတွင် ဆက်တိုက်အသုံးသောအခါ ရေရှည်တွင် ရွေးကောက်ပွဲ သို့မဟုတ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများ၏ ကုန်ကျစရိတ်ကိုတောင်မှ သက်သာစေနိုင်ခြေရှိပါသည်။

သို့ရာတွင် ကံမကောင်းအကြောင်းမလှစွာပင် အီလက်ထရောနစ်နည်းဖြင့် မဲပေးသည့်စနစ်အသုံးပြုသော စီမံကိန်းအားလုံးသည် အထက်ကဆိုခဲ့သည့် မြင့်မားသောကတိကဝတ်များကို အောင်မြင်အောင် ဆောင်ကျဉ်းလာနိုင်စွမ်းမရှိပေ။ လတ်တလောတည်ရှိနေသော အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းဆိုင်ရာနည်းပညာများသည်ပြဿနာများကင်းရှင်းသည်မဟုတ်ပါ။အချို့သောကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာများတွင် စိန်ခေါ်မှုများပေါ်ထွက်လာခဲ့ပြီး အချို့သောကိစ္စရပ်များတွင်မူ မဲပေးခြင်းဆိုင်ရာ နည်းပညာအသစ်ကို မိတ်ဆက်ရာ၌ အယုံအကြည်ကင်းမဲ့မှုများ သို့မဟုတ် အတိုက်အခံပြုမှုများ ပေါ်ထွက်ခဲ့ပါသည်။

အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းတွင်တည်ရှိနေသော စိန်ခေါ်မှုများမှာ အတန်အသင့်ကြီးမားသည်ဟု ဆိုနိုင်ပြီး အီလက်ထရောနစ်စနစ်များ၊ လုပ်ငန်းလုပ်ဆောင်ပုံများ၏ ရှုပ်ထွေးမှုများနှင့် ဆက်စပ်နေသည်။ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းဆိုင်ရာ လုပ်ဆောင်မှု အတော်များများသည် မဲပေးသူများသာမက ရွေးကောက်ပွဲစီမံခန့်ခွဲသူများအတွက်ပင်လျှင် ပွင့်လင်းမြင်သာမှုမရှိဟုဆိုရမည်။ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းဆိုင်ရာ လုပ်ဆောင်မှုအများစုကို အတတ်ပညာရှင်အနည်းငယ်ကသာ ပြည့်ပြည့်ဝဝနားလည်ကြပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုသည် ထောင်ပေါင်းများစွာသော မဲရုံဝန်ထမ်းများထက်စာလျှင် အီလက်ထရောနစ်စနစ်အား ကိုင်တွယ်ဆောင်ရွက်နေသူ အော်ပရေတာလူတစ်စုပေါ်တွင်သာ ကြီးမားစွာမှီတွယ်လျက်ရှိသည်။ သေချာကျနစွာဖြင့် စီမံပြီးဒီဇိုင်းထုတ်ထားခြင်းမရှိပဲ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းအား စတင်မိတ်ဆက်အသုံးပြုခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံးကို ယုံကြည်မှုလျော့ပါးသွားစေနိုင်သည်။ ထို့ကြောင့် ယင်းစနစ်ကို မိတ်ဆက်အသုံးပြုရန် စဉ်းစားရာတွင် လုံလောက်သောအချိန်နှင့် အရင်းအမြစ်များကို အသုံးပြုခြင်းနှင့် ပြီးခဲ့သည့်အတွေ့အကြုံများကို အလေးထားစဉ်းစားခြင်းတို့ ပြုလုပ်ရန် အရေးကြီးလှပါသည်။

## အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုချက်အချို့မှာ အလွန်ကျယ်ပြန့်ပါသည်။ ယခုစာတမ်း တွင် နိုင်ငံရေးဆိုင်ရာရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ၌ မှတ်တမ်းတင်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် မဲရေတွက်ခြင်းတို့တွင် အသုံးပြုလေ့ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology-ICT) တို့ကို အခြေခံသည့်စနစ်များအပေါ်တွင်သာ အလေးထားဖေါ်ပြထားပါသည်။

## အီလက်ထရောနစ်မဲပေးခြင်း - အခြားသော မည်သည့်အိုင်စီတီနည်းပညာအသုံးပြုမှုတို့နှင့်မျှ မနှိုင်းယှဉ်နိုင်ဘူးလော။

တကယ်တမ်းဆိုလျှင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဆိုင်ရာ ဆော့ဖ်ဝဲပရိုဂရမ်တိုင်းသည် ၎င်းတို့က ဘာရလာဒ်ထုတ်လုပ်ပေးနိုင်သလဲဆိုသည်ကို ကြည့်ပြီးမှ ၎င်း၏ ပုံမှန်လုပ်ဆောင်ပုံကို စိစစ်အတည်ပြုပေးသည့်နည်းလမ်းကို အခြေပြုတည်ဆောက်ထားပါသည်။ ဖောက်သည်တစ်ဦးသည် ဘဏ်တစ်ခု၏ အီလက်ထရောနစ်ဘဏ်စနစ်ကို မယုံကြည်ပါက ထိုသူသည် ၎င်းတို့၏ ငွေစာရင်းအချုပ်အား စစ်ဆေးပြီး ၎င်း၏ ငွေအသွင်းအထုတ် (transactions) အားလုံးကို မှန်ကန်စွာ ဖေါ်ပြနိုင်ခြင်းရှိမရှိ အတည်ပြုနိုင်ပါသည်။ ကားပိုင်ရှင်တစ်ဦးသည် ကား၏ အီလက်ထရောနစ်ပစ္စည်းများကို မယုံကြည်ပါက အင်ဂျင်စတင်နိုးသည့်အချိန်တိုင်းတွင် ယင်းစနစ်ကို စမ်းသပ်ရန် အခွင့်အလမ်း ရရှိလေသည်။

အီလက်ထရောနစ်မဲပေးခြင်းစနစ်များသည် အခြေခံအားဖြင့် ကွဲပြားခြားနားပါသည်။ လျှို့ဝှက်မဲပေးခြင်းကိုအကာ အကွယ်ပေးရမည့် လိုအပ်ချက်ကြောင့် ၎င်းတို့သည် မဲပေးသူ၏ ကိုယ်ရေးအချက်အလက်နှင့် ၎င်းတို့၏ ဆန္ဒမဲပေးခြင်းတို့အကြားရှိ မည်သည့်ချိတ်ဆက်ထားမှုကိုမဆို ရှောင်ကျဉ်ရမည်ဖြစ်သည်။ ယေဘုယျ အိုင်စီတီစနစ်များသည် ၎င်းတို့တွင်ဖြစ်ပေါ်လာသော အချက်အလက်အသွင်းအထုတ်ဆောင်ရွက်ချက်များကို ခြေရာခံလိုက်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့အတွက် တည်ဆောက်ထားသောကြောင့် ယင်းစနစ်ထဲတွင်ပင် စိန်ခေါ်မှုတစ်ခုရှိနေပါသည်။ ပို၍အရေးကြီးသည်မှာ မဲဆန္ဒရှင်နှင့် မဲပေးခြင်းတို့ကြားရှိ ချိတ်ဆက်မှုကို ဖျက်ပစ်လိုက်ခြင်းသည် ရွေးကောက်ပွဲပြီးနောက် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်သည် ပေးထားသည့် မဲတိုင်းကို အမှန်တကယ်ရေတွက်ထားကြောင်း တိုက်ရိုက်သက်သေမပြနိုင်တော့ဟု အဓိပ္ပါယ်ထွက်နေပါသည်။[1] ထို့ကြောင့် စာရွက်မှတ်တမ်းများ သို့မဟုတ် စနစ်၏ အရည်အသွေးသတ်မှတ်ချက်များနှင့် အတူ တင်းကျပ်သောအရည်အသွေးထိန်းချုပ်မှုနှင့် လုံခြုံမှုလုပ်ထုံးလုပ်နည်း များကဲ့သို့သော အီလက်ထရောနစ်ရလဒ်များသည်လည်း စိတ်ချရကြောင်းပြသသည့် သွယ်ဝိုက်အထောက် အ ထားများကလည်း အရေးကြီးပါသည်။ ယင်းကဲ့သို့သော နည်းလမ်းစနစ်မျိုးမရှိပါက အီလက်ထရောနစ်မဲပေးခြင်းစနစ်မှ ထုတ်လုပ်ပေးလိုက်သည့် လိုသလိုပြုပြင်ထားသော သို့မဟုတ် မမှန်ကန်သော ရလဒ်များကို အချိန်အတော်ကြာ သည့်တိုင် ရှာဖွေထုတ်ဖော်နိုင်လိမ့်မည်မဟုတ်ပေ။

1 Scantegrity သို့မဟုတ် Prêt à Voter ကဲ့သို့သော အစအဆုံး စိစစ်မှုလုပ်နိုင်သည့် e-voting စနစ်များတွင်ထိုသို့သော လုပ်ငန်းဆောင်တာ ကို အောင်မြင်စေရန် ရည်ရွယ်ခဲ့သည်။ သို့ရာတွင် ဤစာတမ်းရေးသားစဉ်က ၎င်းတို့ကို လက်တွေ့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုသေးပေ။ ရည်ညွှန်းချက်များနှင့် နောက်ထပ်ဖတ်စရာများစာရင်းတွင် ကြည့်ပါ။

## အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းနှင့်စပ်လျဉ်းသည့်အားသာချက်များ

- ပို၍မြန်ဆန်သော မဲရေတွက်မှုနှင့် ဇယားရေးသွင်းခြင်း။
- လူကြောင့်မှားသည့်အမှားများကိုဖယ်ထုတ်ထားနိုင်သောကြောင့် ပို၍တိကျသည့် ရလဒ်များဖြစ်ခြင်း။
- လူများစွာ အသုံးပြုရလေ့ရှိသည့် တွက်ချက်မှုလုပ်ထုံးလုပ်နည်းများ လိုအပ်သော ရှုပ်ထွေးသည့်ရွေးကောက်ပွဲစနစ်တို့၏ ဖော်မြူလာကို ထိရောက်စွာ ကိုင်တွယ်နိုင်ခြင်း။
- ရှုပ်ထွေးသည့်ဆန္ဒမဲလက်မှတ်များကိုတင်ပြပုံ တိုးတက်လာခြင်း။
- မဲပေးသူများအတွက် အဆင်ပြေမှု တိုးတက်လာခြင်း။
- ရွေးကောက်ပွဲအားပါဝင်ဆင်နွှဲမှုနှင့်မဲပေးသူအရေအတွက် တိုးတက်မည့် အလားအလာရှိခြင်း (အထူးသဖြင့်အင်တာနက်ဖြင့် မဲပေးခြင်းတွင်)။
- တိုးမြင့်လာနေသော ရွှေ့လျားသွားလာနေသည့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ပို၍သဟဇာတဖြစ်လာခြင်း။
- လူက ဝင်ရောက်လုပ်ကိုင်မှုကို လျှော့ချနိုင်ခြင်းကြောင့်မဲရုံများ၊ ရလဒ်များကို လွှဲပြောင်းပေးခြင်းများ၊ ဇယားတွင် ရေးသွင်းမှုများတွင် မသမာမှုများအား ကာကွယ်နိုင်ခြင်း။
- ပို၍လက်လှမ်းမီလာခြင်း။ ဥပမာအားဖြင့် မျက်စိမမြင်သည့်မဲပေး သူများအတွက် အသံဖြင့်ဆန္ဒမဲပေးနိုင်သည့်စနစ်များ၊ နေအိမ်မှမထွက်ခွာနိုင်သူများနှင့် နိုင်ငံခြားသို့ရောက်ရှိနေသည့် မဲဆန္ဒရှင်များအတွက်အင်တာနက်ဖြင့်မဲပေးခြင်းစနစ်များ။
- စာရွက်မဲပြားထက်ပိုမိုသင့်တော်ကာ ဘာသာစကားမျိုးစုံအသုံးပြုသည့် မဲဆန္ဒရှင်များအတွက် အဆင်ပြေ စေမည့် ဘာသာစကားအစုံပါဝင်သည့် ပရိုဂရမ်ဆော့ဝဲများရရှိနိုင်မှု။
- မဲပေးခြင်းစနစ်များသည် မဲဆန္ဒရှင်များအား မခိုင်လုံသည့် မဲပေးမှုပုံစံများ အကြောင်း သတိပေးနိုင်သောကြောင့်ဆန္ဒမဲ မခိုင်လုံသည့် မဲအရေအတွက် လျော့ကျစေခြင်း။ (သို့သော်လည်း မဲဆန္ဒရှင်များအနေဖြင့် မည်သူ့ကိုမှ မဲမပေးရန် ရွေးချယ်ထားပါက ယင်းသို့ ပြုလုပ်နိုင်ရန်လည်း ထည့်သွင်းစဉ်းစားထားသင့်သည်။)
- မဲရုံဝန်ထမ်းတို့၏ အချိန်များကို သက်သာစေမှုနှင့် ဆန္ဒမဲပေးလွှာများထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် ကုန်ကျစရိတ်များကို လျော့ကျစေသောကြောင့် ရေရှည်တွင် ကုန်ကျစရိတ်များကိုသက်သာစေသည့် အလား အလာရှိခြင်း။
- အင်တာနက်မှ မဲပေးခြင်းကို အသုံးပြုခြင်းဖြင့် ထောက်ပံ့ရေး အသုံးစရိတ်နည်းနည်းဖြင့် ကမ္ဘာတစ်လွှားသို့ ရောက်ရှိနိုင်သဖြင့် ကုန်ကျစရိတ်များ သက်သာစေမှု။ သဘော်ဖြင့် ကုန်ပစ္စည်းများ ပို့ဆောင်မှုစရိတ်များမရှိခြင်း၊ စာရွက်စာတမ်းများ လှမ်းပို့ပေးခြင်းနှင့် ပြန်လည်လက်ခံရရှိခြင်းတို့တွင် နှောင့်နှေးမှုမရှိခြင်း။
- စာတိုက်မှ ပေးပို့၍ မဲပေးခြင်းနှင့် နှိုင်းယှဉ်ပါက အင်တာနက်ဖြင့်မဲပေးခြင်းသည်မဲရောင်းခြင်းနှင့် မိသားစုဖိအားကြောင့် တစ်စုံတစ်ဦးအားမဲပေးရခြင်းကိုလည်း လျော့ကျစေသည်။ မဲအကြိမ်ကြိမ်ပေးခြင်းကို ခွင့်ပြုသော်လည်း နောက်ဆုံးမဲကိုသာရေတွက်ခြင်းကြောင့်ဖြစ်သည်။ မဲပေးမည့်အချိန်များကို တိုက်ရိုက်ချုပ်ကိုင် ထားခြင်းဖြင့်လည်း စာတိုက်မှ စာဝင်မည့် နောက်ဆုံးရက်အပေါ် ချုပ်ကိုင်ချယ်လှယ်ခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

## အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းနှင့်သက်ဆိုင်သည့် အားနည်းချက်များ

- ပွင့်လင်းမြင်သာမှုမရှိခြင်း။
- ကျွမ်းကျင်ပညာရှင်မဟုတ်သည့်သူများအတွက် စနစ်ကိုနားလည်နိုင် မှုနှင့်ပွင့်ပွင့်လင်းလင်းဖြစ်မှု အကန့်အသတ်ဖြစ်နေခြင်း။
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များ အတွက် ဘုံသဘောတူညီထားသည့်စံနှုန်းများ မရှိခြင်း။
- စနစ်ကိုမှတ်ပုံတင် စစ်ဆေးအသိအမှတ်ပြုမှု လိုအပ်သည်။ သို့သော်ယင်း အတွက် ကျယ်ပြန့်စွာ သဘောတူညီထားသည့် စံနှုန်းများမရှိပါ။
- လျို့ဝှက်မဲပေးမှုကို ချိုးဖောက်လာနိုင်ခြေရှိခြင်း။ အထူးသဖြင့် စနစ်များတွင်မဲဆန္ဒရှင်စစ်မှန်ကြောင်း အထောက်အထား စစ်ဆေးခြင်းနှင့် မဲပေးခြင်းနစ်ရပ်စလုံးကို ဆောင်ရွက်သည့် စနစ်များ။
- စနစ်အတွင်း ဝင်ရောက်ခွင့်ရှိသည့် အတွင်းလူများ သို့မဟုတ်ပြင်ပမှ Hacker များ၏ လိုသလိုလုည့်စား လုပ်ဆောင်နိုင်သည့် အန္တရာယ်ရှိခြင်း။
- အတွင်းလူအနည်းငယ် အုပ်စုတစ်ခု၏ ကြိုးကိုင် ချယ်လှယ်မှုမှတစ်ဆင့် ကြီးမားသည့် အတိုင်းအတာဖြင့် မသမာမှုဖြစ်နိုင်ခြေ ရှိခြင်း။
- အီလက်ထရောနစ်မဲပေးခြင်းစနစ်များကိုဝယ်ယူခြင်းနှင့် ထိန်းသိမ်းခြင်း နှစ်ရပ်စလုံးအတွက် ကုန်ကျစရိတ်များ တိုးလာခြင်း။
- အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များမြင့်တက်လာမှု။ ဥပမာအားဖြင့် ပစ္စည်းများ လည်ပတ်ရန်ပါဝါပေးနိုင်မှု၊ ဆက်သွယ်ရေး နည်းပညာ၊ အပူချိန်၊ စိုထိုင်းမှု အစရှိသည့် တို့နှင့် စပ်လျဉ်း၍ဖြစ်သည်။
- ရွေးကောက်ပွဲကာလအတွင်းနှင့် ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုတို့အကြားတွင် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ထားရေးနှင့် ထိန်းသိမ်းထားမှုတို့ အပါအဝင် မဲပေးခြင်းစနစ်ကို ကာကွယ်ပေးခြင်းအတွက် လုံခြုံရေးလိုအပ်ချက်များ မြင့်တက်လာမှု။
- နည်းပညာ ရောင်းချကိုင်တွယ်သူများ နှင့် နည်းပညာ တို့အပေါ် မြင့်မားစွာ မှီခိုရသောကြောင့် ရွေးကောက်ပွဲအား စီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၏ ထိန်းချုပ်နိုင်မှုအဆင့် လျော့ကျလာခြင်း။
- မဲပြန်လည်ရေတွက်နိုင်ခြေ အကန့်အသတ်နှင့် ရှိနေသေးခြင်း။
- မဲပေးမည့်သူများအားထပ်မံပညာပေးလုပ်ငန်းများ လိုအပ်ခြင်း။
- လက်ရှိဥပဒေရေးရာ မူဘောင်နှင့်ပဋိပက္ခဖြစ်နိုင်ခြေရှိခြင်း။
- အထက်ပါအားနည်းချက်များကြောင့် အီလက်ထရောနစ် နည်းဖြင့် မဲပေးခြင်းကိုအခြေခံထားသည့်ရွေးကောက်ပွဲများ အပေါ်ပြည်သူလူထု၏ ယုံကြည်မှုကင်းမဲ့နိုင်ခြေရှိခြင်း။

## အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များ၏ ပုံမှန်လက္ခဏာများနှင့် လုပ်ငန်းဆောင်ရွက်ပုံများ

အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များအတွင်းတွင် လျှို့ဝှက်ကုဒ် ရေးသွင်းခြင်း (encryption) ၊ ကြုံရာကောက်ယူခြင်း (randomization) ၊ ဆက်သွယ်ခြင်းနှင့် လုံခြုံရေးစနစ်များ အပါအဝင်လုပ်ငန်းဆောင်ရွက် မှုများစွာရှိပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်မှုများကို သီးသန့်ခွဲခြမ်း စိတ်ဖြာသုံးသပ်မှုအား ဤစာတမ်းတွင် ဖော်ပြမထားပါ။ သို့သော်လည်း အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်တို့အနေဖြင့် ဘာတွေပြုလုပ် ပေးနိုင်သည်ဆိုသည့် အခြေခံကို နားလည်ရန်အတွက် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲအရာရှိများအတွက် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ် တို့က လုပ်ဆောင်ပေးနိုင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားများအား ထည့်သွင်းစဉ်းစားပါက အသုံးဝင်နိုင်ပါသည်။

- *အီလက်ထရောနစ်မဲဆန္ဒရှင်စာရင်းနှင့် မဲဆန္ဒရှင်စစ်မှန်ကြောင်း အထောက်အထားပြခြင်း* (Electronic voter lists and voter authentication) - အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်၏ အစိတ်အပိုင်းတစ်ခုမှာ အီလက်ထရောနစ်မဲဆန္ဒရှင်စာရင်းဖြစ်ပြီး မဲရုံတစ်ရုံတည်း သို့မဟုတ် နိုင်ငံတစ်ဝှမ်းလုံးကိုလည်း အကြုံးဝင်အောင်လုပ်ဆောင်နိုင်သည်။ မဲပေးခွင့်ရှိသူမှန်ကန်ကြောင်း စစ်ဆေးရန်အပြင် ၎င်းတို့အနေဖြင့် ဆန္ဒမဲပေးပြီးကြောင်း မှတ်တမ်းတင်ထားရန်အတွက် ဤစာရင်းကို အသုံးပြုနိုင်သည်။
- *မဲရုံဝန်ထမ်းများအတွက် ပရိုဂရမ်စနစ်များ* (Poll worker interfaces) - မဲရုံဝန်ထမ်းများသာ အသုံးပြုနိုင်သော အထူးလုပ်ဆောင်ချက်များဖြစ်ပြီး ဥပမာအားဖြင့် မဲရုံအဖွင့်တွင် မဲရေတွက်ခြင်း ပရိုဂရမ်ကို သုညအဖြစ်ပြုလုပ်ခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲရလဒ်များအား print ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့ ပါဝင်သည်။
- *ဆန္ဒမဲပေးခြင်းအတွက် အသုံးပြုနိုင်သော ပရိုဂရမ်စနစ်များ* (Interfaces for casting votes) - ယင်းတို့တွင် touch screen များ၊ စကင်နာ (Scanner) နှင့်ဖတ်ရှုအသုံးပြုရသည့် Optical Mark Recognition (OMR) စနစ်သုံး ဆန္ဒမဲလက်မှတ်များ၊ touch-sensitive tablet များ၊ နှိပ်ရသည့် ခလုတ်များ၊ အင်တာနက်မှ မဲပေးရန်အတွက် ဝက်ဘ်စာမျက်နှာများ သို့မဟုတ် အသုံးပြုသူများအတွက် သီးသန့်ဆော့ဝဲများပါဝင်သည်။
- *မသန်စွမ်းမဲဆန္ဒရှင်များအတွက် အသုံးပြုနိုင်မည့် သီးသန့်ပရိုဂရမ်စနစ်များ* (Special interfaces for handicapped voters) - ယင်းတို့တွင် မျက်စိမမြင်သောသူတို့အတွက် မျက်မမြင်စာ (Braille) (သို့) အသံဖြင့်ထည့်သွင်းရသည့်စက်ပစ္စည်းများ၊ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသောမဲဆန္ဒရှင်များအတွက် လွယ်ကူစွာ မဲပေးနိုင်ရန် ဆောင်ရွက်နိုင်မှုနှင့် စာမတတ်သောမဲပေးသူများအတွက် ပို၍ရိုးရှင်းသော ပရိုဂရမ်စနစ်တို့ပါဝင်သည်။
- *မဲရလဒ်များထုတ်ပေးသည့် ပရိုဂရမ်စနစ်များ* (Interfaces for the results output) - မဲပေးသည့်စက်များအတွက် (အောက်တွင်အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုကြည့်ပါ) ၎င်းမှာရုံဖန်ရုံခါတွင် Printer များဖြစ်ကြသည်။ သို့သော် အချို့သောစက်များသည် ဒီဂျစ်တယ်ဖန်သားပြင်များကိုသာ အသုံးပြုကြသည်။ မဲပေးမှုပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် မဲပေးသည့်စက်တွင် မှတ်တမ်းတင်ထားသော ရလဒ်များအား ကွန်ပျူတာဖန်သားပြင်တွင် ပြသရန် သို့မဟုတ် Print လုပ်ရန်အတွက် ဤပရိုဂရမ်စနစ်ကို အသုံးပြုနိုင်ပါသည်။ ရလဒ်များကို Print လုပ်ပြီးပါက Print လုပ်ထားသောစာရွက်များအား မဲပေးသည့်စက်များမှထုတ်ပေးသည့် ရုပ်ပိုင်းဆိုင်ရာအထောက်အထားအဖြစ် အသုံးပြုနိုင်ပါသည်။ ထို့အတူပင် အဆိုပါအထောက်အထားမိတ္တူများကို မဲရုံတွင်ရှိနေသည့် သက်ဆိုင်သူများထံသို့ ဖြန့်ဝေခြင်း၊ ပြည်သူလူထုတို့ကြည့်ရှုနိုင်ရန်အတွက် ကပ်ထားကြေညာခြင်းတို့ ပြုလုပ်နိုင်ပါသည်။

- *မဲတစ်ပြားချင်းစီအတွက် မဲပေးခဲ့ကြောင်းလက်ခံပြေစာကို Print လုပ်ပေးရန်အတွက် Printer များ* (Printers for printing a voter-verifiable receipt for each vote) - (အောက်တွင်ပြထားသည့် မဲပေးလွှာစာရွက်မှတ်တမ်း (Voter-verified audit paper trail-VVPAT) တွင်ကြည့်ပါ)
- *ရလဒ်အားလွှဲပြောင်းပေးသည့်စနစ်* (Result transmission system) - မဲပေးစက်အတော်များများသည် ဗဟိုမဲရေတွက်စနစ်များဆီသို့ ရလဒ်များကို ပေးပို့နိုင်သည်။ ဥပမာအားဖြင့် အင်တာနက်၊ တယ်လီဖုန်း၊ မိုဘိုင်းဖုန်း (သို့) ဂြိုဟ်တု ဆက်သွယ်ရေးတို့မှ တစ်ဆင့်ဖြစ်သည်။ ဆက်သွယ်ရေးချိတ်ဆက်မှုလင့်ခ် မရနိုင်သည့်အခါ ရလဒ်များ ကို Memory Card တို့ကဲ့သို့သော အီလက်ထရောနစ်သိုလှောင်ကြားခံပစ္စည်းများကို အသုံးပြုပြီး ပို့ပေးနိုင်သည်။
- *ရလဒ်များအား အဆင့်ဆင့်တွက်ချက်ဆောင်ရွက်သည့်စင်တာများတွင် များသောအားဖြင့် တည်ရှိလေ့ရှိသည့် ရလဒ်များကို ဇယားများတွင် ရေးသွင်းသည့်စနစ်များ* (Result tabulation systems, usually located at result processing centres) - ၎င်းတို့သည် မဲရုံများမှ အီလက်ထရောနစ်ရလဒ်များကို ရွေးကောက်ပွဲအပြီးတွင် လက်ခံရရှိပြီး အမျိုးမျိုးသော ရွေးကောက်ပွဲများနှင့် နယ်မြေဒေသများအတွက် ရလဒ်များအား ဇယားများတွင် အလို အလျောက် ရေးသွင်းပေးသည်။
- *ရလဒ်များအား ပုံနှိပ်ထုတ်ဝေသည့်စနစ်များ* (Result publication systems) - အကြိုရလဒ်များနှင့် နောက်ဆုံးရလဒ်များကို ဝက်ဘ်ဆိုဒ်များ၊ စီဒီများ၊ ပထဝီဝင်ဒေသ အလိုက်ပုံဖြင့် ဖော်ပြနိုင်သည့်စနစ်များ (Geographic Visualization Systems) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အများပြည်သူသို့ ဖြန့်ဝေနိုင်ပါသည်။ လိုအပ်လျှင် မဲရုံတစ်ခုချင်း အဆင့်အထိ အဆင့်အားလုံးအပေါ် အသေးစိတ် ထုတ်ပြန်နိုင်သည်။ အများပြည်သူသို့ဖြန့်ဝေပေးသည့်ရလဒ်များ ပို၍အသေးစိတ်လေ၊ ရွေးကောက်ပွဲသည် ပို၍ပွင့်လင်းမြင်သာမှုရှိလေဖြစ်သည်။
- *အတည်ပြုခြင်းကုဒ်စနစ်များ* (Confirmation code systems) - အချို့သော အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များတွင် မဲဆန္ဒရှင်တစ်ဦးချင်းစီက မိမိပေးခဲ့သည့် မဲများအား အတည်ပြု ထိန်းချုပ်နိုင်သည့် ကုဒ်များကို အသုံးပြုခွင့်ပေးထားသည်။

## အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များအား အမျိုးအစားခွဲခြားခြင်း။

အမျိုးမျိုးသော အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဆွေးနွေးရာ တွင် စနစ်တစ်ခုနှင့်တစ်ခုအကြား၏ ထပ်နေသော လုပ်ဆောင်မှုအမျိုးအစားများအား ခွဲထုတ်လိုက်ခြင်းသည် အသုံးဝင်ပါသည်။

စနစ်မျိုးကွဲတစ်ခုနှင့်တစ်ခုအကြား နှိုင်းယှဉ်ရာတွင်ဖြစ်စေ၊ သမားရိုးကျစာရွက်ဖြင့် မဲပေးခြင်းစနစ်နှင့် နှိုင်းယှဉ်ရာတွင် ဖြစ်စေ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ် အမျိုးအစားတစ်ခုစီတွင် အမျိုးမျိုးသော အားသာချက်နှင့် အားနည်းချက်တို့ရှိနေပါသည်။ ပြီးပြည့်စုံသော အီလက်ရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်ဟူ၍ မရှိဘဲ လက်ရှိတည်ရှိနေသောစနစ်များသည် တိုးတက်လာသောနည်းပညာများနှင့်အညီ ဆက်လက်၍ ဆင့်ကဲ တိုးတက်ဖြစ်ထွန်းနေပါသည်။ ထို့ကြောင့်စနစ်တစ်ခုချင်းစီ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို သေချာဂရုစိုက်၍ ချိန်ထိုးစဉ်းစားကာ မိမိတို့၏ လက်ရှိအခြေအနေများနှင့် ကိုက်ညီသည့်စနစ်အား ရွေးချယ်ရန်ရေးကြီးလှပါသည်။

### အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အမျိုးအစားများ

နည်းပညာအရ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်အများစုသည် အောက်ပါအမျိုးအစား (၄) မျိုးမှ တစ်မျိုးအတွင်းတွင်သာ ပါဝင်နေပါသည်။

- *တိုက်ရိုက်မှတ်တမ်းတင်သည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးစက်များ* (Direct recording electronic voting machines-DRE) - ယင်း DRE စက်များသည် စာရွက်မှတ်တမ်း (VVPAT, or voter-verified paper audit trail - မဲဆန္ဒရှင်က စစ်ဆေးရန် စာရွက်မှတ်တမ်း) ထုတ်ပေးခြင်းနှင့်ဖြစ်စေ (သို့မဟုတ်) မထုတ်ပေးဘဲနှင့်ဖြစ်စေ အသုံးပြုနိုင်သည်။ VVPAT များအား ထည့်လိုက်သည့် ဆန္ဒမဲများအတွက် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားအဖြစ် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်သည်။
- *စက်ဖြင့် ဖတ်ရှုနိုင်သည့် အထူးမဲပြားများအပေါ်တွင် မဲပေးသူများပြုလုပ်ခဲ့သည့် ရွေးချယ်မှုကို မှတ်မိဖတ်ရှုနိုင်သော စကင်နာများအပေါ်အခြေပြုထားသည့် စကင်ဖတ်ရှုစစ်ဆေးသည့် စနစ်များ* (OMR systems) - OMR စနစ်များသည် ဗဟိုမှရေတွက်သည့်စနစ်များ (မဲပြားများကို ရေတွက်သည့် အထူးပြုစင်တာများတွင် မဲပြားများကို စကင်ဖတ်၍ ရေတွက်သည့်စနစ်) (သို့မဟုတ်) သီးသန့်နယ်မြေသတ်မှတ်၍ ရေတွက်သည့် စကင်စနစ်များ (မဲဆန္ဒရှင်များက မဲပေးသည့် စက်အတွင်းသို့ ၎င်းတို့၏ မဲပြားများကိုထည့်သည့်မဲရုံတွင်ပင် တိုက်ရိုက်စကင်ဖတ်၍ရေတွက်သည့်နေရာ - precinct count optical scanner – PCOS) ဟူ၍ နှစ်မျိုးဖြစ်နိုင်ပါသည်။
- *အီလက်ထရောနစ်နည်းဖြင့် မဲလက်မှတ်ထုတ်လုပ်သည့်စက်များ* (Electronic ballot printers – EBPs) ဆိုသည်မှာ DRE စက်နှင့် ဆင်တူ၍ စက်မှဖတ်နိုင်သော စာရွက်များ (သို့) မဲဆန္ဒရှင်၏ ဆန္ဒမဲရွေးချယ်မှုပါဝင်သော အီလက်ထရောနစ်တိုကင်တို့ကို ထုတ်လုပ်ပေးသည်။ ဤတိုကင်ကို အလိုအလျောက်မဲရေပေးသည့် သီးခြားမဲလက်မှတ်ဖတ်စက်စကင်နာ (Ballot Scanner) အတွင်းသို့ ထည့်သွင်းရသည်။
- *အင်တာနက်ဖြင့် မဲပေးသည့်စနစ်များ* (Internet voting systems) ဆိုသည်မှာ မဲရေတွက်သည့် ဗဟိုဆာဗာထံသို့ အင်တာနက်မှတစ်ဆင့် မဲများကို လွှဲပြောင်းပေးသည့် စနစ်ပင်ဖြစ်သည်။ အများပြည်သူသုံး ကွန်ပျူတာများ (သို့မဟုတ်) အများသုံးမဲပေးစက်များ (Voting kiosks) (သို့မဟုတ်) အင်တာနက်ဖြင့်ချိတ်ဆက်ထားသော မိမိလက်လှမ်းမီသည့် မည်သည့်ကွန်ပျူတာမှမဆို မဲဆန္ဒရှင်က ဝင်ရောက်မဲပေးနိုင်ပါသည်။

မဲပေးသည့်စက် (Voting machine – VM) ဆိုသည့် ယေဘူယျဝေါဟာရသည် DRE နှင့် PCOS စနစ်များကိုသာမက အင်တာနက်ဖြင့် မဲပေးရန်အသုံးပြုသည့် အများသုံးမဲပေးစက်များကို ရည်ညွှန်းရာတွင် အသုံးပြုလေ့ရှိသည်။

**ထိန်းချုပ်ထားသည့်ပတ်ဝန်းကျင်နှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ပတ်ဝန်းကျင်တို့တွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်း**

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို ထိန်းချုပ်ထားသည့်ပတ်ဝန်းကျင်များနှင့် ထိန်းချုပ်မထားသည့် ပတ်ဝန်းကျင်တို့တွင် ဆောင်ရွက်နိုင်ပါသည်။

ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့ (EMB) မှ ခန့်အပ်ထားသည့်ဝန်ထမ်းတို့၏ ကြီးကြပ်မှုအောက်တွင်ရှိသော မဲရုံများ၊ အများသုံးမဲပေးစက်များ (သို့မဟုတ်) အခြားနေရာများတွင် ဆန္ဒမဲပေးခြင်းမျိုးသည် ထိန်းချုပ်ထားသည့် ပတ်ဝန်းကျင်များတွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းဖြစ်သည်။ ယင်းအဓိပ္ပာယ်အရ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့သည် မဲပေးသည့်နည်းပညာအပြင် မဲဆန္ဒရှင်များမဲပေးရသည့်အခြေအနေများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် အတိုင်းအတာကြီးကြီးမားမား ထိန်းချုပ်ထားနိုင်ပါသည်။

ထိန်းချုပ်ထားသည့်ပတ်ဝန်းကျင်တို့တွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းသည် မဲရုံများ၊ သံရုံးများနှင့် အခြားနေရာများတွင် သမားရိုးကျစာရွက်အခြေပြုမဲပေးခြင်းပုံစံမျိုးနှင့် အခြေအနေသဘောတရားခြင်း တူညီသည်ဟု မှတ်ယူနိုင်ပါသည်။

ထိန်းချုပ်မထားသည့်ပတ်ဝန်းကျင်တို့တွင် အီလက်ထရောနစ်ဖြင့်မဲပေးခြင်းသည် မည်သည့်ကြီးကြပ်မှုမျိုးမှ မရှိဘဲနှင့်သာမက ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့က ထိန်းချုပ်မထားနိုင်သည့် မဲပေးသည့်စက်များတွင် ဖြစ်ပေါ်ပါသည်။ အိမ်မှ မဲပေးသည့်သူ၏ ကိုယ်ပိုင်ကွန်ပျူတာ၊ မိုဘိုင်းလ်ဖုန်း (သို့မဟုတ်) အများသုံးစက်ပစ္စည်းများမှတစ်ဆင့် မည်သည့်နေရာမှမဆို ဖြစ်နိုင်ခြေရှိသည်။

ထိန်းချုပ်မထားသည့်ပတ်ဝန်းကျင်တို့တွင်မဲပေးခြင်းတွင် လျှို့ဝှက်မဲပေးခြင်းကိုထိခိုက်နိုင်ခြင်း၊ မိသားစုဖိအားကြောင့် တစ်စုံတစ်ဦးအားမဲပေးရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ မဲဝယ်ခြင်း၊ ရွေးကောက်ပွဲနေ့၏ အရသာပျောက်ဆုံးခြင်း၊ ဒီဂျစ်တယ်ခွဲခြားမှု၏ အကျိုးသက်ရောက်မှု၊ မဲဆန္ဒရှင်၏အထောက်အထားနှင့် မဲပြားတို့အား နည်းပညာအရ ခွဲခြားထားမှု၊ ဆန္ဒမဲပေးသည့်စက်များ၏ နည်းပညာဆိုင်ရာဂုဏ်သိက္ခာရှိမှု အစရှိသည့် အရာအားလုံးကို သီးသန့်စီခွဲခြား၍ ကြိုတင်စဉ်းစားမှုများလုပ်ထားရန် လိုအပ်ပါသည်။ အင်တာနက်ဖြင့်မဲပေးခြင်း၏ ယခုလက်ရှိပုံစံများတွင် ယင်းကဲ့သို့သော ပူပန်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုထားသောအဖြေများ ပေးနိုင်စွမ်းမရှိသေးပေ။

ထိန်းချုပ်မထားသည့်ပါတ်ဝန်းကျင်တို့တွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည် စာတိုက်မှ မဲပေးပို့ခြင်း (postal voting) သို့မဟုတ် ကြိုတင်မဲပေးခြင်း (Absentee vote) တို့ဖြင့် သဘောတရားတူညီသည်ဟု မှတ်ယူနိုင်ပါသည်။

**အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအား တစ်ခုတည်းသောရွေးချယ်စရာမဲပေးခြင်းနည်းလမ်းအဖြစ် အသုံးပြုခြင်း (သို့မဟုတ်) အများထဲမှရွေးချယ်နိုင်သောနည်းလမ်းတစ်ခုအဖြစ်အသုံးပြုခြင်း**

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို မဲဆန္ဒရှင်များ အသုံးပြုနိုင်သည့် တစ်ခုတည်းသော မဲပေးခြင်းနည်းလမ်းအဖြစ်သာမက မဲဆန္ဒရှင်များအတွက် ရွေးချယ်စရာများထဲကမှ ရွေးချယ်နိုင်သည့် နည်းလမ်းတစ်ခုအဖြစ်လည်း မိတ်ဆက်ပေးနိုင်သည်။

များသောအားဖြင့် မဲပေးသည့်စက်များအား မဲဆန္ဒရှင်များအတွက် မဲရုံထဲတွင်တစ်ခုတည်းသောမဲပေးခြင်း နည်းလမ်းအဖြစ် အသုံးပြုလေ့ရှိကြပြီး အင်တာနက်ဖြင့်မဲပေးခြင်းကိုမူ နှစ်သွယ်သော (သို့မဟုတ်) နှစ်သွယ်ထက်ပိုသောနည်းလမ်းများထဲတွင်မှ ရွေးချယ်ခွင့်ရှိသည့်နည်းလမ်းတစ်ခုအဖြစ် ယေဘူယျအားဖြင့် အသုံးပြုလေ့ရှိကြသည်။

**အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းတွင် ပေးခဲ့သည့်ဆန္ဒမဲများအတွက် ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ထောက်ပံ့ခြင်း (သို့) မထောက်ပံ့ခြင်း**

ယနေ့ခေတ်တွင် ထိန်းချုပ်ထားသည့်ပတ်ဝန်းကျင်တို့၌ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များစွာသည် မဲဆန္ဒရှင်များအတွက် စာရွက်လက်ခံပြေစာပုံစံဖြင့် မိမိပေးခဲ့သည့် ဆန္ဒမဲအတွက် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကို ထုတ်ပေးလေ့ရှိသည် (များသောအားဖြင့် VVPAT အဖြစ်ရည်ညွှန်းလေ့ရှိသည်)။ မဲဆန္ဒရှင်များသည် မိမိတို့၏မဲများကို လက်ခံပြေစာ ပေါ်တွင် စစ်ဆေးပြီးနောက် လက်ခံပြေစာကို မဲပုံးအတွင်းသို့ထည့်နိုင်သည်။ လက်ခံပြေစာများကို လူဖြင့်ပြန်လည်ရေတွက်ခြင်းအားဖြင့် မဲပေးခြင်းစနစ်ကဖော်ပြသော ရလဒ်များအား လွတ်လပ်စွာပြန်လည်စီစစ်နိုင်သည်။ မဲရုံအရေအတွက်တစ်ခုအား သတ်မှတ်၍ ကျပန်းရွေးကာ လက်ခံပြေစာများကို နမူနာအဖြစ် လူဖြင့်ပြန်လည်ရေတွက်ခြင်းပုံစံကို ကောင်းစွာဒီဇိုင်းရေးဆွဲကျင့်သုံးခြင်းဖြင့် ရွေးကောက်ပွဲတစ်ခုလုံး၏ရလဒ်များကို မှန်ကန်မှု ရှိ/မရှိ စိစစ်နိုင်ပါ သည်။

ထိန်းချုပ်ထားမှုမရှိသည့်ပတ်ဝန်းကျင်တို့မှ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များသည် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကို ထုတ်ပေးလေ့မရှိပါ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့ ကို မဲရောင်းခြင်းအတွက် အသုံးပြုနိုင်သောကြောင့်ဖြစ်သည်။ ထို့အပြင် လက်ခံပြေစာသည် မဲဆန္ဒရှင်၏ လက်ထဲတွင်ရှိသောကြောင့် လူဖြင့်ပြန်လည်ရေတွက်ရန်မဖြစ်နိုင်ပါ။ ထို့အတွက်ကြောင့် ယင်းကဲ့သို့သော လက်ခံပြေစာများကို အသုံးမဝင်ဖြစ်စေသည်။ သို့သော် အချို့သော အင်တာနက်ဖြင့် မဲပေးခြင်းစနစ်များသည် တုန့်ပြန်ပေးသည့်ကုဒ်စနစ် (return code system) ကို အသုံးပြုသည်။ ယင်းစနစ်သည် မဲဆန္ဒရှင်များအား ၎င်းတို့၏မဲများ ပြောင်းလဲမှုမရှိဘဲ ရေတွက်သည့်ဆာဗာမှ လက်ခံရရှိကြောင်း စိစစ်နိုင်ရန် ခွင့်ပြုသည်။

အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များသည် ပေးခဲ့သည့်ဆန္ဒမဲများအတွက် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကိုမပေးပါက ရလဒ်များကို တိုက်ရိုက်စိစစ်ခြင်းပြုရန် မဖြစ်နိုင်ပေ။[2] ယင်းကဲ့သို့သောစနစ်မှ ထုတ်လုပ်ပေးသည့်ရလဒ်များကို သွယ်ဝိုက်၍သာ စိစစ်နိုင်ပါမည်။ ယင်းသို့ သွယ်ဝိုက်၍ စိစစ်ခြင်းသည် အများသဘောတူထားသည့် စံနှုန်းများအားလုံးနှင့်နှိုင်းယှဉ်၍ပြုလုပ်သည့် တင်းကျပ်သော အသိအမှတ်ပြုစစ်ဆေးမှုများနှင့် မဲပေးခြင်း စနစ်၏ဂုဏ်သိက္ခာအပေါ် ချိုးဖောက်မှုမျိုးစုံအား အကာအကွယ် ပေးထားသည့် တင်းကျပ်သောလုံခြုံရေးလုပ်ဆောင်မှုများ အပေါ်တွင်သာလုံးလုံးတည်မှီနေသည်။ ယင်းအခြေ အနေမျိုးတွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ စိတ်ချရမှုနှင့် ယုံကြည်ကိုးစားရမှုတို့အား ကျွမ်းကျင်ပညာရှင်မဟုတ်သောပရိသတ်များ သို့မဟုတ် ဝေဖန်မှုပြုနေသောသူများကို ပွင့်လင်းမြင်သာမှု ရှိသောနည်းလမ်းကိုအသုံးပြု၍ ရှင်းပြရန်ခက်ခဲနိုင်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ယုံကြည်မှုအပြည့်အဝကို မရရှိသည့် EMB များအတွက် ယင်းကိစ္စမျိုးသည် ကျော်လွှား၍မနိုင်သည့် စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်လာနိုင်ပါသည်။

စာရွက်မှတ်တမ်းထုတ်ပေးခြင်းတစ်မျိုးမျိုးအားကျင့်သုံးခြင်းသည် အီလက်ထရောနစ်ဖြင့် မဲပေးခြင်းကို ပို၍ရှုပ်ထွေးစေပြီး ကုန်ကျစရိတ်ပို၍များစေပါသည်။ စဉ်းစားရမည့်အချက်မှာ မဲဆန္ဒရှင်အများစုသည် ၎င်းတို့၏လက်ခံပြေစာကို မစစ်ဆေးသည့်အချက်၊ လူဖြင့်ပြန်လည်ရေတွက်ခြင်းတွင် အမှားများဖြစ်နိုင်ခြေရှိသည့်အချက်နှင့် အီလက်ထရောနစ်နည်းဖြင့် အလိုအလျောက်ရေတွက်ခြင်းနှင့် စာရွက်အားပြန်လည်ရေတွက်ခြင်းအကြားရှိ ကွဲပြားမှုများကို ဖြေရှင်းရန်လိုအပ်လာချက်များဖြစ်ပြီး စာရွက်မှတ်တမ်းများသည် တိကျ၍ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများဖြစ်ပေါ်လာစေရန်အတွက် ပြီးပြည့်စုံသောဖြေရှင်းနည်းတစ်ခုမဟုတ်ပါ။ သင့်လျော်သော စာရင်းစစ်သည့် အစီအစဉ်များနှင့် အရေးကြီးသော ကျပန်းနမူနာအား ပြန်လည်ရေတွက်ခြင်းတို့ကို ချိတ်ဆက်၍ပူးပေါင်းအကောင်အထည်ဖော်နိုင်လျှင် ယင်းနည်းလမ်းများသည် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ ယုံကြည်မှုကိုတည်ဆောက်ရန်အတွက် ပို၍လွယ်ကူစေမည့် အရေးပါသည့် ကိရိယာဖြစ်လာနိုင်သည်။ စာရွက်မှတ်တမ်းတို့သည် အီလက်ထရောနစ်ရွေးကောက်ပွဲရလဒ်များကို စိစစ်ရန်ခွင့်ပြုထားသောကြောင့် စောင့်ကြည့်နိုင်ပြီး လွယ်ကူစွာ နားလည်နိုင်သည့် ဖြစ်စဉ်တစ်ခုအတွင်း မည်သည့်အမှား (သို့)

2 ကုဒ်ထည့်သွင်းထားသော လက်ခံဖြတ်ပိုင်းများပါသည့် အစအဆုံးစီစစ်မှုလုပ်နိုင်သည့် e-voting စနစ်များတွင် တိုက်ရိုက်စီစစ်ခြင်းလုပ်ရန် ခွင့်ပြုသည်။ သို့သော် ထိုစနစ်များကို လက်တွေ့တွင်ကျယ်ကျယ်ပြန့်ပြန့်အသုံးမပြုသေးပေ။ အသုံးပြုသူများ လွယ်ကူစွာသုံးမရခြင်းတစ်ခုတည်းကြောင့်တော့ မဟုတ်ပေ။ ရည်ညွှန်းချက်များနှင့် နောက်ထပ်ဖတ်စရာ များ စာရင်းတွင် ကြည့်ပါ။

ကြိုးကိုင်ချယ်လှယ်မှုများကိုမဆို ဖေါ်ထုတ်၍ ရနိုင်ခြေရှိသည်။ အီလက်ထရောနစ်မဲပေးခြင်းကို ဆန့်ကျင်သူများက ပထမဆုံးထောက်ပြသည့် အချက်မှာ စာရွက်ဖြင့် မှတ်တမ်းမရှိခြင်းဖြစ်သည်။

**တစ်ဦးတည်းအသုံးပြုကြည့်ရှုနိုင်ခြင်း (Proprietary Code) နှင့် အများအသုံးပြုကြည့်ရှုနိုင်ခြင်း (Open Source)**

အီလက်ထရောနစ်ဖြင့်မဲပေးခြင်းစနစ်တစ်ခုကို နားလည်လို၍ သုံးသပ်ချင်သည့် မည်သည့်ပညာရှင်မဆို စနစ်၏ ပရိုဂရမ်ရေးဆွဲသည့် မူလရင်းမြစ်ကုဒ်ကို (programming source code) ကို ရရှိနိုင်ရန်လိုအပ်ပါသည်။

လက်ရှိတွင် ဈေးကွက်အတွင်း ရရှိနိုင်သော အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များမှာ သာမန်အားဖြင့် တစ်ဦးတည်းသာ အသုံးပြုနိုင်သော ကုဒ်အရင်းအမြစ်များအပေါ်တွင် အခြေခံထားသည်။ အရောင်းအဂယ်သဘောအရနှင့် လုံခြုံရေးအကြောင်းပြချက်များဖြင့် ရောင်းချသူများသည် အစဉ်သဖြင့် ဤရင်းမြစ်ကုဒ်ကို ပေးရန် ဝန်လေးတတ်ကြသည်။ သို့သော် ရောင်းချသူများသည် ရင်းမြစ်ကုဒ်အသုံးပြုမှုကို ခွင့်ပြုပေးရန် လိုအပ်ချက် မြင့်တက်လာမှုအား သိမြင်လာသောကြောင့် များစွာသော EMB များတွင် ၎င်းတို့၏ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ လိုအပ်ချက်များ၌ ၎င်းရင်းမြစ်ကုဒ်ကို အသုံးပြုနိုင်မှုများအား ထည့်သွင်းထားပြီးဖြစ်သည်။ ငွေကြေးဖြင့် အရောင်းအဝယ်သဘောပါဝင်သော ၎င်းရင်းမြစ်ကုဒ်များအား ပြည်သူတို့မှ စစ်ဆေးခြင်းအတွက် ဖြစ်နိုင်ခြေများမှာ အချိန်နှင့် နယ်ပယ်အတိုင်းအတာအရ ကန့်သတ်ချက်များ ရှိလေ့ရှိပြီး အပိုကုန်ကျစရိတ်ရှိလာသည်။ ထို့ပြင်စစ်ဆေးခံရမည့်စနစ်၏ လုပ်ငန်းဆောင်တာများ အတွင်းသို့ ဝင်ရောက်ရန်ကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပေးထားဆဲဖြစ်သည်။

တစ်ဦးတည်းသာအသုံးပြုနိုင်သော ရင်းမြစ်ကုဒ်များအပေါ် မှီခိုထားသည့်မဲပေးခြင်းစနစ်များကို ကျင့်သုံးခြင်းများသည် အများအသုံးပြုကြည့်ရှုနိုင်သည့်စနစ်များသို့ ပြောင်းလဲရန် အိုင်တီပညာရှင်များ၏ ပိုင်းဝန်း တိုက်တွန်းမှုဆီသို့ ဦးတည်သွားလေ့ရှိသည်။ တစ်ဦးတည်းသာ အသုံးပြု၍ရသည့်စနစ်များနှင့်မတူသည်မှာ ယင်းကဲ့သို့သော စနစ်များ၏ရင်းမြစ်ကုဒ်များကို စိတ်ဝင် စားသည့် ပညာရှင် အားလုံးမှ လူသိရှင်ကြား ရရှိနိုင်ရုံသာမက အပြည့်အဝ ဝင်ရောက်အသုံးပြု၍ရပါသည်။

ရင်းမြစ်ကုဒ်များကို အများသိအောင်လုပ်ခြင်းကို ဆန့်ကျင်သည့်သူများက လက်ရှိရရှိနေသော စနစ်အများစုမှာ ပြီးပြည့်စုံမှုမရှိကြောင်းနှင့် ၎င်းကုဒ်များအား အများသိအောင်ဖြန့်ဝေခြင်းက တိုက်ခိုက်လာနိုင်ခြေရှိသည့်သူများနှင့် ပြည်သူများအား အားနည်းချက်ကို မြင်သာအောင်လှစ်ပြသလိုဖြစ်နေကြောင်း ဆွေးနွေးငြင်းခုန်လျက်ရှိကြသည်။

လုံခြုံရေးဆိုင်ရာကွန်ပျူတာပညာရှင်အများစုအပါအဝင် ရင်းမြစ်ကုဒ်များကိုအများအသုံးပြုနိုင်ရန် ဖွင့်ထားပေးခြင်းအား ထောက်ခံသည့်သူများက ကုဒ်ကို အများသိအောင်ဖြန့်ဝေခြင်းက ပြဿနာများ ထွက်ပေါ်လာနိုင်စေသော်လည်း အဖြေများကို လျင်မြန်စွာ ရှာဖွေတွေ့ရှိနိုင်ရန် အာမခံချက်ရှိသည်ဟုဆိုကြသည်။ ရင်းမြစ်ကုဒ်များကို ဖွင့်ပေးထားရန် အရေးဆိုနေသူများက ကုဒ်ကို လျှို့ဝှက်စွာထားခြင်းသည် "ရေရေရာရာ ရှင်းလင်းမှုမရှိသည်မှတစ်ဆင့် လုံခြုံရန်ကြိုးပမ်းမှု" အဖြစ်သာမြင်ကြပြီး စနစ်၏ အားနည်းချက်များကို အတွင်းပိုင်းမှလူအနည်းငယ်သာ သိနိုင်သည့် အခြေအနေတစ်ရပ်ကို ဖန်တီးပေးသည်ဟု ဆိုကြသည်။

ရင်းမြစ်ကုဒ်ကိုဖွင့်ထားသည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များကို ဖွံ့ဖြိုးတိုးတက်စေရန် အားထုတ်မှုများဆောင်ရွက်နေကြသော်လည်း လက်ရှိတွင်မူ ယင်းကဲ့သို့သော စနစ်များကို အဆင်သင့်ရနိုင် ခြင်းမရှိသေးပေ။[3]

ရင်းမြစ်ကုဒ်များကိုရရှိနိုင်မှုသည် နည်းပညာဆိုင်ရာအပြည့်အဝပွင့်လင်းမြင်သာမှုဆီသို့သွားသည့် ခြေလှမ်းတစ် ရပ်ဖြစ်ကြောင်း မှတ်သားထားသင့်သည်။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်တစ်ခု၏ သဘောသဘာဝကို ပြည့်ဝစွာနားလည်နိုင်ရန်မှာ လူဖြင့်ဖတ်နိုင်သောရင်းမြစ်ကုဒ်များကို စက်ကဖတ်နိုင်သောကုဒ်အဖြစ်သို့ ဘာသာပြန်ရာတွင်သုံးသည့် ပရိုဂရမ်များ၊ မဲပေးခြင်းစနစ်၏

3 ရင်းမြစ်ကုဒ်ကို ဖွင့်ပေးထားသော e-voting စနစ်များဖွံ့ဖြိုးလာအောင်လုပ်ဆောင်နေသောအဖွဲ့တစ်ခုမှာ US Open Source Digital Voting Foundation ဖြစ်သည်။

အမာထည်ပစ္စည်းများ (Hardware) နှင့် လုပ်ငန်းဆောင်ရွက်ခြင်းစနစ်တို့ကို ကောင်းမွန်စွာ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်လိုအပ်သည်။

**မဲဆန္ဒရှင်အစစ်အမှန်ဖြစ်ကြောင်းစိစစ်မှုပါဝင်သည့်စနစ်များနှင့် မပါဝင်သည့် စနစ်များ**

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အချို့အား ဆန္ဒမဲပေးခြင်းအတွက်သာလျှင် အသုံးပြုရန်ရည်ရွယ်ပြီး မဲဆန္ဒရှင်အစစ်အမှန်ဖြစ်ကြောင်း စိစစ်ခြင်းကို လူဖြင့်သာ လုပ်ဆောင်ကြသည်။ အခြားစနစ်များတွင်မူ အဆိုပါစိစစ်ခြင်းအတွက် အီလက်ထရောနစ် မဲစာအုပ် (သို့မဟုတ်) အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်းခြင်း အပေါ်အခြေခံသည့် သီးသန့်အစီအစဉ်တစ်ခုပါဝင်သည်။ အင်တာနက်မှ တစ်ဆင့်မဲပေးသည့်စနစ်အားလုံးနှင့် မဲရုံအတွင်းတွင်ထားရှိသည့်မဲပေးစက်အချို့တွင် အဆိုပါစိစစ်သည့်စနစ်ပါဝင်ပါသည်။

မဲဆန္ဒရှင်အစစ်အမှန်ဖြစ်ကြောင်းစိစစ်ခြင်းနှင့် မဲထည့်ခြင်းလုပ်ငန်း နှစ်ခုစလုံးကို ဆောင်ရွက်ပေးသည့်မဲပေးခြင်းစနစ်သည် ပင်ကိုအားဖြင့် ဝေဖန်မှုများနှင့် မသမာမှုများအား လမ်းဖွင့်ပေးထားသကဲ့သို့ ဖြစ်တတ်ပါသည်။ အဆိုပါလုပ်ငန်းနှစ်ရပ်စလုံးကို တင်းတင်းကျပ်ကျပ် ခွဲခြားထားသည့်တိုင်အောင် အတွင်းမှ အော်ပရေတာများက အဆိုပါဒေတာနှစ်စုံကို အပြန်အလှန်စစ်ဆေး (Cross-check) နိုင်ခြေရှိပါသေးသည်။ ဤဖြစ်နိုင်ခြေကြောင့် နည်းပညာဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုံခြုံရေးစံနှုန်းများကို သေချာစွာ ချမှတ်ထားရန် လိုအပ်သည်။ ယင်းစံနှုန်းအတိုင်းအတာများက အဆိုပါဒေတာနှစ်စုံကို မည်သည့် အခြေအနေ၌မဆို ချိတ်ဆက်နိုင်မှုမရှိအောင် အာမခံပေးထားရပါမည်။ လျှို့ဝှက်မဲပေးမှုသည် ယင်းအတိုင်းအ တာစံနှုန်းများအပေါ် မှီခိုနေပြီး စိတ်ဝင်စားသည့်ကဏ္ဍစုံမှပါဝင်ပတ်သက်သူများအား လိုအပ်လာလျှင် ရှင်းလင်းစွာသရုပ်ပြနိုင်ရန်နှင့် ရှင်းပြနိုင်ရန် အရေးကြီးလှပါသည်။

**နိုင်ငံတကာကရေးဆွဲသော စနစ်များနှင့် ပြည်တွင်းမှရေးဆွဲသော စနစ်များ**

အထက်တွင်ဖော်ပြထားသည့် နယ်ပယ်အကြောင်းခြင်းရာများအရ ယုံကြည်စိတ်ချရ၍ လုံခြုံသည့် အီလက်ထရော နစ်မဲပေးခြင်းစနစ်များကို ရေးဆွဲခြင်းသည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့တစ်ခုတည်း သို့မဟုတ် ပြည်တွင်းမှ အခ ကြေးငွေယူ၍လုပ်ကိုင်သော အိုင်တီကဏ္ဍ၏ စွမ်းဆောင်ရည်များကို ကျော်လွန်ပြီး ကြီးမားစွာ အားထုတ်ရမည့် ကိစ္စရပ်တစ်ခုဖြစ်လေ့ရှိသည်။ ထို့ကြောင့် EMB အများစုက အီလက်ထရောနစ်မဲပေးခြင်းစနစ်များကို နိုင်ငံတကာမှ ရောင်းချသူများထံမှ ဝယ်ယူလေ့ရှိကြသည်။

အများအားဖြင့်မဲဆန္ဒရှင်များစွာရှိသည့်နိုင်ငံများမှ EMB များသည်သာ အီလက်ထရောနစ်မဲပေးစနစ်ကို ပြည်တွင်း၌ ရေးဆွဲ၍ ရေရှည်ထိန်းသိမ်းမှုကို လုပ်ဆောင်နိုင်ပါလိမ့်မည်။ ဤနည်းလမ်း၏ အရေးပါသော ကောင်းကျိုး တစ် ခုမှာ စနစ်၏ကုန်ကျစရိတ်များကို ပြည်တွင်းဓနအင်အားကသာ ကျခံရပြီး လုပ်ငန်းစဉ်ထဲတွင် ပြည်တွင်း၌ပင် စွမ်း ဆောင်နိုင်ရည်ကို တည်ဆောက်ရန်ထည့်သွင်းထားသည့် အချက်ပင်ဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် အခြားသောနိုင်ငံများ၏ အတွေ့အကြုံများမှရရှိသည့် သင်ခန်းစာများကို ပြည်တွင်းမှ တည်ဆောက်ထားသည့် စနစ်အတွင်းသို့ ထည့်သွင်းရန်မှာမူ ခက်ခဲနိုင်ပါသည်။ ပြည်တွင်း၌ အီလက်ထရောနစ်ဖြင့်မဲပေးစနစ်ကို ရေးဆွဲရာတွင် လိုအပ်ချက်များရှိနေသည့် အခြေအနေတွင် ထိုအမှားကိုမပြုလုပ်ရန် အရေးကြီးပြီး အပြည်ပြည်ဆိုင်ရာမှ ရရှိသည့် စနစ်များကို နှိုင်းယှဉ်၍ ပြန်လည်သုံးသပ်ရုံမက နောက်ဆုံးဖြစ်ရပ်များနှင့် သုတေသနတို့ကို ဆန်းစစ်အကဲဖြတ်ခြင်း၊ ပြည်တွင်းလိုအပ်ချက်များကိုနားလည်မှုရှိခြင်းအား ဤဆန်းစစ်ချက်ဖြင့် ချိတ်ဆက်ပေးခြင်းအပြင် နည်းပညာကို မိတ်ဆက်ရာ၌ ကျိုးကြောင်းဆီလျော်မှု ရှိခြင်းတို့မှာအရေးပါလှသည်။

ပြည်တွင်းတွင်ရော နိုင်ငံတကာတွင်ပါ အပ်ထည်ပေးသည့် ရောနှောသည့်နည်းလမ်းမှာ နိုင်ငံတကာမှ ရောင်းချမည့် မိတ်ဖက်အဖွဲ့အစည်းများကို ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်း၍ နိုင်ငံအတွင်း အီလက်ထရောနစ်မဲပေး စနစ်၏ အစိတ်အပိုင်းအချို့ကို ထုတ်လုပ်ရန်ဖြစ်ပြီး ယင်းကဲ့သို့ပြုလုပ်ခြင်းဖြင့် အချို့သော ကုန်ကျစရိတ်များကို ပြည်တွင်းစီးပွားရေးအတွင်းသို့ ပြန်လည်လည်ပတ်သွားစေနိုင်သည်။

# လမ်းညွှန်မှုများနှင့် ယေဘုယျရည်မှန်းချက်

ပြီးခဲ့သည့်အခန်းတွင်ဖော်ပြထားသော အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ အကျိုးကျေးဇူးတို့သည် EMB တစ်ခု က ဤနည်းပညာကို မည်သည့်အတွက်ကြောင့် မိတ်ဆက်အသုံးပြုရန်စဉ်းစားရသနည်းဆိုသည့် အကြောင်း တရားများနှင့်သာ သက်ဆိုင်မှုရှိနိုင်သည်။ ရလဒ်များကို ပို၍လျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ မသမာမှုများကို ကာကွယ်ခြင်းနှင့် မဲဆန္ဒရှင်များအား ပို၍ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်းတို့ကဲ့သို့သော ထည့်သွင်းစဉ်းစားမှုများသည် တစ်ခါတစ်ရံ မြင့်မားသော ဦးစားပေးလုပ်ငန်းများဖြစ်သည်။

အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို မိတ်ဆက်အသုံးပြုရခြင်းအတွက် ဖြစ်လေ့ဖြစ်ထရှိသည့် စေ့ဆော်မှုတစ်ခုမှာ နိုင်ငံတစ်ခု၏ သို့မဟုတ် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များကို ပြသရန်ဖြစ်သည်။ ယင်းကဲ့သို့သောရွေးချယ်မှုသည် နိုင်ငံအတွင်း၌ရရှိနေသည့် ဖွံ့ဖြိုးတိုးတက်မှုအား ပြင်ပကမ္ဘာအား ပြသနိုင်သည်ဟု မကြာခဏဆိုသလိုပင် ယုံကြည်လေ့ရှိကြသည်။ နည်းပညာ၏ အပြဌာန်းခံ[4] ထောင်ချောက်ထဲသို့ ကျဆင်းခြင်းမှရှောင်ကြဉ်ရန်အတွက် အဆိုပါအကြောင်းတရားမှာ အီလက်ထရောနစ် နည်းဖြင့်မဲပေးခြင်း မဟာဗျူဟာကို အသုံးပြုရသည့် အဓိကအကြောင်းတရားမဖြစ်စေသင့်ပေ။

မိမိတို့၏မျှော်မှန်းချက်အတိအကျမှာ မည်သည့်အရာများပင်ဖြစ်စေ EMB တစ်ခုသည် အမျိုးမျိုးသော ယေဘုယျရည်မှန်းချက်များအား အောင်မြင်အောင်ဆောင်ရွက်ရန် အမြဲတစေ ရည်မှန်းထားသင့်ပါသည် -

- မိမိတို့ရွေးချယ်ထားသည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ အကျိုးကျေးဇူးများသည် အခြားသော အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များနှင့် နှိုင်းယှဉ်ရာတွင်ဖြစ်စေ၊ စာရွက်ဖြင့်မဲပေးခြင်းစနစ်နှင့် နှိုင်းယှဉ်ရာတွင်ဖြစ်စေ ဆိုးကျိုးများထက် အလေးသာ နေသင့်သည်။
- အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအတွက် မည်သည့်ထပ်ဆောင်းကုန်ကျစရိတ်မဆို ဤစနစ်မှ ထွက်ပေါ်လာမည်ဟု မျှော်မှန်းထားသည့် ရလဒ်အကျိုးအမြတ်များနှင့်နှိုင်းယှဉ်လျှင် ကျခံရသည်မှ တန်သင့်သည်။
- ကြီးမားသောရောင်းချသူတို့၏ပါဝင်မှုလိုအပ်လျှင်တောင်မှ EMBတစ်ခုသည်အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်ကို အလုံးစုံထိန်းချုပ်ထားနိုင်မည့် စွမ်းဆောင်ရည်ရှိသင့် (သို့မဟုတ်) တည်ဆောက်ထားသင့်သည်။ ပြင်ပမှအဖွဲ့အစည်းတစ်ခုအပေါ် မှီခိုမှုမှလုံးဝကင်းလွတ်စေရန် အတွက် ကနဦးစတင်အသုံးပြုချိန်တွင်သာမက ရေရှည်ဆောင်ရွက်နေချိန်တွင်လည်း EMB တစ်ခုအနေဖြင့် လုံလောက်သည့်အရင်းအမြစ်များကို ရရှိနေရမည်ဖြစ်သည်။
- အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်သစ်သည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ ကို ကူညီရာရောက်သင့်သည်သာမက နိုင်ငံသားများအတွက်လည်း ဝန်ဆောင်မှုတစ်ခုဖြစ်သင့်သည်။ ၎င်းအား မဲဆန္ဒရှင်များကမဲပေးရာတွင်ပိုမိုလွယ်ကူအောင်ပြုလုပ်ထားသင့်သည် (သို့မဟုတ်) အနည်းဆုံး အားဖြင့် အတိတ်က လုပ်ထုံးလုပ်နည်းများနှင့် နှိုင်းယှဉ်ပါက ပိုမိုသောခက်ခဲမှုများ မဖန်တီးစေသင့်ပေ။
- နောက်ဆုံးအနေဖြင့် ပြည်သူများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများက ၎င်းမဲပေးသည့်စနစ်ကို ယုံကြည်သင့်ပြီး ယင်းအပေါ်တွင် စိတ်ချမှုများ ရှိနေသင့်သည်။ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်အပေါ် ၎င်းတို့၏ယုံကြည်မှုကို တည်ဆောက်ရာတွင် ကဏ္ဍစုံမှ ပါဂပင်ပတ်သက်သူများ၏ ဘာမှမသိခြင်းအပေါ် အခြေခံခြင်းထက်စာလျှင် ၎င်းစနစ်အား ကောင်းစွာနားလည်ခြင်းနှင့် ယုံကြည်စိတ်ချရစွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အပေါ်တွင် သာ အခြေခံ၍ တည်ဆောက်သင့်ပါသည်။

ယုံကြည်မှုတည်ဆောက်ခြင်းသည် အရေးအပါဆုံးနှင့် အားလုံးအားခြုံငုံသည့် ရည်မှန်းချက်တစ်ရပ်လည်း ဖြစ်နိုင်သည်။ နောက်တစ်ခန်းတွင် တင်ပြထားသည့် ယုံကြည်မှုပိရမစ်သည် ယုံကြည်မှုကိုတည်ဆောက်ရာတွင် ထူးခြားသည့်အချက်များ မည်မျှပါဝင်နေပုံကို နားလည်စေရန် အထောက်အကူပြုနိုင်ပါသည်။

4 လူ့အသိုင်းအဝိုင်းတစ်ခု၏ နည်းပညာသည် လူမှုရေးပြောင်းလဲမှုအတွက် မူလမောင်းနှင်အားပင်ဖြစ်သည် ဟူသော ထင်မြင်ချက်ဖြစ်သည်။

# အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းဆိုင်ရာ ယုံကြည်မှုပိရမစ်

> " မဲပေးသည့်စနစ်တစ်ခု ကောင်း/ မကောင်းဆိုသည်မှာ ပြည်သူလူထုက ၎င်းစနစ်အား ကောင်းသည်/ မကောင်းသည် ဟု ယုံကြည်ခြင်း အပေါ်မှာပင် မူတည်သည် "။
>
> McGaley and Gibson, 2003

## ပြည်သူတို့၏ယုံကြည်မှုနှင့် စိတ်ချမှုတို့မှတစ်ဆင့်အများယုံကြည်လက်ခံသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ရပ်သို့

ပိရမစ်၏ ထိပ်ဆုံးအပိုင်းဟုဆိုရမည့် အန္တိမပန်းတိုင်သည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်ကို အသုံးပြုခြင်းအားဖြင့် ရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်စနစ်သစ်အပေါ် ပြည်သူတို့၏ ယုံကြည်မှုနှင့် စိတ်ချမှုတို့ မြင့်မားစေခြင်းပင်ဖြစ်သည်။

အစပိုင်း၌ ပြည်သူတို့၏ ယုံကြည်မှုသည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း အား စတင်မိတ်ဆက်ချိန်တွင် တည်ရှိနေသော လူမှု-နိုင်ငံရေးအခြေအနေများပေါ်၌ များသောအားဖြင့် တည်မှီနေသည်။ ၎င်းအခြေအနေ အတွင်းရှိ အချို့သောအချက်များကို အီလက်ထရောနစ်နည်းဖြင့် အလုံးစုံပါဝင်သောမဲပေးခြင်းစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်မှုမဟာဗျူဟာမှ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။ သို့ရာတွင် EMB တစ်ခုအပေါ် ယုံကြည်မှု ကင်းမဲ့နေခြင်း (သို့မဟုတ်) နိုင်ငံရေးအရ (သို့မဟုတ်) နည်းပညာအရ အခြေခံကျကျ အတိုက်အခံပြုနေခြင်းတို့ကဲ့သို့သော အခြားကိစ္စများသည် ပြောင်းလဲရန်ပို၍ခက်ခဲမည်ဖြစ်သည်။

> " လူအများသည် လုံခြုံနေသည်ဟုထင်မြင်နေလျှင် သို့မဟုတ် ခံစားရလျှင်
>
> မလုံခြုံသောစနစ်များအား သုံးစွဲမည် ဖြစ်သည် "။
>
> Oostveen and van den Besselar, 2004

လူမှု-နိုင်ငံရေးအခြေအနေက အထောက်အကူပြုသည်ဆိုလျှင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်အား စတင်မိတ်ဆက်ကျင့်သုံးရာ၌ ထင်ရှားစွာအကူအညီဖြစ်ပြီး နည်းပညာဆိုင်ရာ အသေးစိတ်အကောင်အထည် ဖော်ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုပင် ယာယီဖုံးလွှမ်းထားနိုင်ပေသည်။ သို့သော်လည်း နည်းပညာအားဖြင့်အားနည်းသည့် စနစ်တစ်ခုအပေါ် ယုံကြည်မှုသည် လမ်းလွဲသို့ရောက်သွားနိုင်သည်။ လက်တွေ့လုပ်ငန်းဆောင်ရွက်မှု၊ နည်းပညာပိုင်းဆိုင်ရာ (သို့မဟုတ်) ဥပဒေရေးရာအခြေခံအုတ်မြစ်များတွင် အားနည်းခြင်းများသည် တဖြည်းဖြည်းပေါ်ထွက်လာပြီး အီလက်ထရောနစ်နည်းဖြင့်မဲပေးစနစ်ကိုသာမက (အထူးသဖြင့်) ရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီးနိုင်ငံရေးရေချိန်မြင့်တက်နေချိန်မျိုးတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးကိုပင် အများကလက်မခံသည့်အဖြစ်သို့ရောက်ရှိသွားစေနိုင်သည်။ အကျိုးဆက်အဖြစ် ဂျာမနီနိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင်ဖြစ်ပွားခဲ့သလိုမျိုး နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲမှုဘောင်မှ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်ကို လုံးဝဖျက်သိမ်းလိုက်ရခြင်းမျိုးအထိ ဖြစ်သွားစေနိုင်ပါသည်။

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်နှင့်စပ်လျဉ်းသည့် နည်းပညာပိုင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်ခြင်း ဆိုင်ရာအုတ်မြစ်တို့ ခိုင်မာသည့်တိုင်အောင် အနှုတ်လက္ခဏာဆောင်သော လူမှု-နိုင်ငံရေးအခြေအနေသည် ပြင်းထန်သော အန္တရာယ်တို့ကိုဖြစ်စေပါသည်။ အီလက်ထရောနစ်ဖြင့်မဲပေးစနစ်ကို ပွင့်လင်းမြင်သာမှုရှိစွာ ပြုလုပ်ရန်ခက်ခဲပြီး လုပ်ငန်းဆောင်ရွက်မှုများကို ရေတိုကာလအတွက်သာမက အလယ်အလတ်ကာလတွင်ပင် ကျွမ်းကျင်ပညာရှင်မဟုတ်သည့် ပြည်သူတို့အား နားလည်နိုင်စေရန်ခက်ခဲပါသည်။ လူမှုရေးအရနှင့် နိုင်ငံရေး အရ ထောက်ခံမှုအားနည်းခြင်းသည် ယုံကြည်စိတ်ချရသည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား နှောင့်နှေးစေသည်။ အဘယ်ကြောင့်ဆိုသော် မထောက်ခံသည့်သူများက အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းတွင် ရှိနေသည့် အားနည်းချက်အချို့ကို ထောက်ပြခြင်းဖြင့် ဤအီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း နည်းပညာအပေါ် ယုံကြည်မှုကို လျော့ပါးစေရန် ပို၍ လွယ်ကူစွာပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။.

## လူမှု-နိုင်ငံရေးဆိုင်ရာပတ်ဝန်းကျင်

**ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အပေါ်ယုံကြည်မှုနှင့် ပို၍ကျယ်ပြန့်သော ရွေးကောက်ပွဲမှုဘောင်အား စိတ်ချယုံကြည်မှု**

အီလက်ထရောနစ်နည်းဖြင့်မဲပေးစနစ်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွက် တာဝန်ယူမှုကို မဲရုံဝန်ထမ်း ထောင်ပေါင်းများစွာထံမှယူလိုက်ကာ ဤတာဝန်ကိုဗဟိုရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့နှင့် အီလက်ထရောနစ် နည်းဖြင့် မဲပေးခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူများထံတွင် ထားရှိလိုက်သည်။ ထိုသို့ ပြုလုပ်လိုက်ခြင်းအားဖြင့် မဲရုံအဆင့် မသမာမှုနှင့် ကြိုးကိုင်လှည့်စားမှုကို အန္တရာယ်ကို လျော့ပါးစေပြီး ဗဟိုအဆင့် ကြိုးကိုင်လှည့်စားမှု အန္တရာယ်ကိုတော့ သတိထားရသည်။

အဆိုပါကိစ္စမျိုးသည် မဲရုံတာဝန်ရှိသူများအပေါ် ပြည်သူလူထု၏ယုံကြည်မှုနည်းပြီး ဗဟို ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ EMB ကို ယုံကြည်သည့် အခြေအနေမျိုးတွင် အကျိုးဖြစ်ထွန်းစေသည်။ သို့သော် ဗဟို EMB တည်ဆောက်ပုံကို ယုံကြည်မှုအားနည်းသည့် ပတ်ဝန်းကျင်အခြေအနေမျိုးတွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်ကို မိတ်ဆက်ကျင့်သုံးခြင်းသည် ဖြစ်ပေါ်လာနိုင်ခြေရှိသော ဗဟိုအဆင့် ကြိုးကိုင်လှည့်စားမှုနှင့် ပတ်သက်သည့် ကောလဟာလများဖြစ်ပေါ်စေရန်

**ပုံ ၁၊ ယုံကြည်မှုပိရမစ်**



## အက်စတိုးနီးယားနိုင်ငံ (Estonia)

အင်တာနက်ဖြင့်မဲပေးခြင်းကို ၂၀၀၅ခုနှစ်တွင် မဲပေးရန်ရွေးချယ်နိုင်သည့် နောက်ထပ်နည်းလမ်းတစ်ခုအဖြစ် မိတ်ဆက်ပေးခဲ့ပြီး အစပထမပိုင်းကပင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ယုံကြည်မှုကိုရရှိခဲ့သည်။

အက်စတိုးနီးယားသည် ပဋိပက္ခမရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ၎င်း၏အင်စတီးကျူးရှင်းများအပေါ် မြင့်မားသည့်ယုံကြည်မှု ကိုလည်းရရှိထားသည်။ အီလက်ထရောနစ်မဲပေးခြင်းနှင့်အတူ ၎င်းနိုင်ငံမှအင်စတီကျူးရှင်းများကို ပို၍ကျယ်ပြန့်သော ဒီဂျစ်တယ် စနစ်သို့ပြောင်းလဲခြင်း အစီအစဉ်များ ပြုလုပ်ခဲ့သည်။ ၂၀၀၇ ရွေးကောက်ပွဲများမတိုင်ခင် အက်စတိုးနီးယား၏ e-government အခြေခံအဆောက်အဦးကို ကြီးကြီးမားမားကွန်ပျူတာဒေတာများခိုးယူတိုက်ခိုက်မှုများ (Hacking attack) ဖြစ်ပွားခဲ့သည့်တိုင် ဤယုံကြည်မှုကို မလျော့ပါးစေခဲ့ပါ။

၂၀၁၁ ခုနှစ်တွင် ဆန္ဒမဲအားလုံး၏ ၂၄% နီးပါးအား အွန်လိုင်းမှ မဲပေးခဲ့ကြခြင်းဖြစ်သည်။

အကြောင်းအရာတစ်ခုလွယ်ကူစွာ ဖြစ်သွားစေနိုင်ပါသည်။ အချို့သောကောလာဟလများမှာ ချေပရန် ခက်ခဲနိုင်ပါသည်။

International IDEA ၏ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုဒီဇိုင်းလက်စွဲစာအုပ် (Handbook of Electoral Management Design) တွင် EMB များ ယုံကြည်မှုရရှိနိုင်ရန်အတွက် လမ်းညွှန်မှုများအဖြစ် လွတ်လပ်မှု၊ ဘက်မ လိုက်မှု၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ အကျိုးဖြစ်ထွန်းမှု၊ ပရော်ဖက်ရှင်နယ်ကျမှုနှင့် ဝန်ဆောင်မှုစိတ်သ ဘောရှိမှုတို့ကို ဖေါ်ပြထားသည်။ EMB တစ်ခုသည် ယင်းနယ်ပယ်များတွင် ပြဿနာရှိခဲ့သောမှတ်တမ်းရှိပါက ၎င်းတို့နှင့်ဆက်စပ်နေသော သံသယတို့သည် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းမှတစ်ဆင့် ပိုမိုချဲ့ကားလာ နိုင်ပါသည်။

## ဗီနီဇွဲလားနိုင်ငံ (Venezuela)

DRE ကို အခြေခံသော အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို ၂၀၀၄ခုနှစ်တွင် ဗီနီဇွဲလားနိုင်ငံ၌ မိတ်ဆက်ကျင့်သုံး သည့်အချိန်တွင် သက်ဆိုင်ရာ EMB ၏ ဘက်မလိုက်မှုအပေါ်ယုံကြည်မှုမှာ အလွန်တရာကိုနည်းပါးနေခဲ့ပါသည်။ နိုင်ငံအဝှမ်းကျယ်ပြန့်စွာဖြစ်ပွားနေသော မသမာမှုများကို အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်ဖြင့် ထိန်းချုပ်ဟန့်တားမှုမှ ရရှိလာနိုင်သည့် အကျိုးကျေးဇူးများသည်လည်း ဗဟိုအဆင့်အား ယုံကြည်မှုကင်းမဲ့ခြင်းကြောင့် အရာမထင်ဖြစ်ခဲ့ရသည်။ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်း စနစ်သစ်အားအသုံးပြု၍ ရလဒ်များကို ကြိုးကိုင်လှည့်စားသွားမည်ကိုလည်း ကြောက်ရွံ့ ခဲ့ကြသည်။

၎င်းအကြောက်တရားနှင့် မဲဆန္ဒရှင်များနှင့် မဲပေးမှုတို့အကြား အပြန်အလှန်ချိတ်ဆက်စစ်ဆေးနိုင်သည်ဟူသော သီအိုရီအရဖြစ်နိုင်ခြေကို ဖယ်ရှားမပေးနိုင်သည့် နည်းပညာဆိုင်ရာအားနည်းချက်များနှင့် ပူးပေါင်းကာ ၂၀၀၅ ရွေးကောက်ပွဲမတိုင်ခင် ရက်အနည်းငယ်၌ပင် အရေးပါသော အခြေအနေတစ်ရပ်ကို ဖန်တီးခဲ့သည်။

အများ၏လက်ခံမှုကို ပြန်လည်ရရှိရန် ထိရောက်သည့်ကုထုံးတွင် မဲရုံစုစုပေါင်း (၄၅) ရာခိုင်နှုန်းမှ (ယင်းအရေအတွက်မှာ သာမန်အားဖြင့်လုံလောက်သည်ဟုယူဆကြသည့် သေးငယ်သော နမူနာကောက်ယူခြင်းများထက် မယှဉ်သာအောင်ပို၍များပြားလှပါသည်) စာရွက်မှတ်တမ်းများအား ကြီးကြီးမားမားပြန်လည်ရေတွက်ရမှုနှင့် အလိုအလျောက် အမျိုးအစားခွဲခြားသည့် လုပ်ငန်းစဉ်ကို ဖျက်သိမ်းလိုက်ခြင်းလည်း ပါဝင်သည်။ ၎င်းသို့လုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းစဉ်ကို ပို၍ကုန်ကျစရိတ်များသွားစေပြီး စာရွက်ကို အခြေပြုသည့်စနစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ကုန်ကျစရိတ်သက်သာမှု မရှိတော့ပါ။ သို့သော် ၎င်းသည်သာလျှင် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် စပ်လျဉ်းပြီး နည်းပညာကိုယ်တိုင်ကမကုစားနိုင်သည့်အတွက် ရွေးချယ်လိုက်ရသည့် တစ်ခုတည်းသော ကုစားရန်နည်းလမ်းဖြစ်ခဲ့ပါသည်။

## ဘာရိန်းနိုင်ငံ (Bahrain)

၂၀၀၆ခုနှစ်တွင် ပထမဦးဆုံးသောအီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းမတိုင်ခင် ရက်သတ္တပတ်များသာ လိုတော့သည့်အချိန်တွင် အစိုးရသည် စာရွက်ဖြင့်မဲပေးခြင်းကို ပြန်လည်ကျင့်သုံးရန်ဆုံးဖြတ်လိုက်ရသည်။ မဲအကြံအဖန်လုပ်ခြင်းကို သံသယရှိသည့် အတိုက်အခံဘက်မှ ဖိအားများကြောင့်ဖြစ်သည်။

မည်သည့် နည်းပညာမြှင့်တင်မှုနှင့်မဆို အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များသည် လက်ရှိစွမ်းဆောင်ရည်ကို ပိုမိုမြင့်မားလာစေနိုင်သည်။ သို့သော် ကနဦးစွမ်းဆောင်ရည် နိမ့်ပါးနေပါက ဆန့်ကျင်ဘက်လည်းဖြစ်သွားနိုင်ခြေရှိသည်။ အပေါင်းလက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများမှာ မေးမိန်လာသယောင်ရှိပြီး ယုံကြည်မှုနည်းပါးပြီးသားဖြစ်နေပါက မယုံကြည်မှုသည် မြင့်မားလာနိုင်ခြေရှိသည်။

EMB ကိုယ်တိုင်အပေါ်တွင် ယုံကြည်မှုရှိ/မရှိနှင့်ပတ်သက်၍သာမက ပို၍ကျယ်ပြန့်သော ရွေးကောက်ပွဲမှုဘောင်နှင့် စပ်လျဉ်း၍လည်း ယုံကြည်မှုကိစ္စကို ထည့်သွင်းစဉ်းစားရန် အရေးကြီးလှသည်။ ရွေးကောက်ပွဲစနစ်ဒီဇိုင်း၊ ရွေးကောက်ပွဲအငြင်းပွားမှုများနှင့် တိုင်ကြားချက်များကို ကိုင်တွယ် ဖြေရှင်းသည့်နည်းလမ်းများ၊ တာဝန်ရှိသူများ (သို့မဟုတ်) အစိုးရ စသည်တို့ကို ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများက ယုံကြည်စိတ်ချမှုမရှိသည့် ပတ်ဝန်းကျင် တစ်ခုတွင် သက်ဆိုင်ရာ EMB သည် ကျယ်ကျယ်ပြန့်ပြန့်လက်ခံကြသည့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော ယုံကြည်မှုအဆင့်တစ်ခုရရှိရန် ခက်ခဲလိမ့်မည်ဖြစ် သည်။

နောက်ဆုံးတွင် ကျယ်ပြန့်သည့် လူမှုရေးဆိုင်ရာ လက်သင့်ခံမှုရရှိလာစေရန် မဲပေးခြင်းနည်းပညာသစ်က မဲဆန္ဒရှင်များအတွက် အကျိုးရှိသည်ဆိုသည်ကို ရှင်းလင်းစွာ ပြသပေးရန် လိုအပ်ပါသည်။ မဲပေးခြင်းပိုမိုလွယ်ကူလာခြင်း၊ နိုင်ငံသားများ ပိုမိုလက်လှမ်းမီလာခြင်းနှင့် ပိုမိုအဆင်ပြေခြင်းတို့ဖြစ်ပေါ်လာပါက ၎င်းတို့သည်လည်း စနစ်သစ်ကို ပို၍လွယ်ကူစွာလက်ခံအားပေးလာလိမ့်မည်ဖြစ်သည်။

**နိုင်ငံရေးအရ အားလုံးသဘောတူညီမှု**

အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ နိုင်ငံရေးအရအားလုံး သဘောတူညီမှုရရှိပါက အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်ကို မိတ်ဆက်ကျင့်သုံးရာတွင် အလွယ်ကူဆုံးဖြစ်နိုင်ပါသည်။ သို့သော်လည်း နိုင်ငံရေးအရလှုပ်ရှားဆောင် ရွက်နေသူများသည် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို အကြောင်းပြချက်များစွာကြောင့် ဆန့်ကျင်နိုင်ကြပါသည်။ ၎င်းတို့တွင် နည်းပညာနှင့်စပ်လျဉ်း၍ အမှန်တစ်ကယ် စိုးရိမ်ပူပန်သောကြောင့်သော်လည်းကောင်း၊ မဲပေးခြင်းစနစ်အသစ်က ၎င်းတို့၏အတိုက်အခံ များအတွက် ကောင်းကျိုးဖြစ်သွားစေမည်ကို ကြောက်ရွံ့သောကြောင့်လည်းကောင်း၊ အခြားသောပါတီများက ဤရွေးကောက်ပွဲအစိတ်အပိုင်းကို ခေတ်မီအောင်ပြုလုပ်လိုက်နိုင်သောကြောင့် ပို၍အမှတ်ရရှိသွားမည်ဟု ယုံကြည်သောကြောင့်လည်းကောင်း၊ ၎င်းတို့သည် စနစ်အားအကောင်အထည်ဖော်ဆောင်ရွက်မည့်သူတို့၏ လွတ်လပ်မှုကို မယုံကြည်သောကြောင့်လည်းကောင်း အစရှိသည့်အကြောင်းချင်းရာတို့ကြောင့်ဖြစ်သည်။ ယင်းကဲ့သို့အတိုက်အခံများကိုရင်ဆိုင်ရခြင်း၊ ယုံကြည်မှုအားအောင်မြင်စွာ တည်ဆောက်ရခြင်းတို့သည် ခက်ခဲ (သို့မဟုတ်) ဖြစ်နိုင်ရန်မလွယ်ကူပါ။

ထို့အတွက်ကြောင့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များကို မိတ်ဆက်ကျင့်သုံးရာတွင်လိုအပ်သည့် ဥပဒေပြုရေးရာပြောင်းလဲမှုများကို ထောက်ခံအတည်ပြုကြရာဝယ် ပါတီပေါင်းစုံ၏

## ဘရာဇီးနိုင်ငံ (Brazil)

စီးပွားရေးအရနှင့် မသမာမှုကာကွယ်ရေးအရတို့ကြောင့် ဘရာဇီးနိုင်ငံတွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို မိတ်ဆက်ကျင့်သုံးရန် တက်ကြွနိုးကြားလာခဲ့ပါသည်။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို တဖြည်းဖြည်းချင်း မိတ်ဆက်ကျင့်သုံးရန်အတွက် နှစ်များစွာကြာမြင့်မည့်ချဉ်းကပ်မှုတစ်ရပ်ကို ရေးဆွဲခဲ့ကြပြီး ၎င်းချဉ်းကပ်မှုတွင် အောက်ပါအဆင့်များပါဝင်ပါသည်။

(၁) ၁၉၈၆ခုနှစ်မှစတင်ပြီး လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် အသုံးပြုနိုင်မှုတို့အပေါ် ပြုလုပ်ထားသည့် လေ့လာမှုများ အပါအဝင် မဲဆန္ဒရှင်နှင့် ပြည်သူ့ရေးရာသတင်းအချက်အလက်ပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(၂) EMB အတွင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် မဲရလဒ်ပေါင်းခြင်းကို ဒီဂျစ်တယ်ပုံစံပြုလုပ်ခြင်း။

(၃) ဒေသန္တရအဆင့် နည်းပညာကျွမ်းကျင်စေရန်အပါအဝင် ကွန်ပျူတာအမာထည်နှင့် ဆော့ဝဲလ်များကို (Hardware and software) ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်း။

(၄) ဘရာဇီးနိုင်ငံအတွင်း စက်ကိရိယာများအားစမ်းသပ်ခြင်း။

(၅) ဘရာဇီးနိုင်ငံ၏အခြေအနေနှင့် အကောင်းဆုံးကိုက်ညီသည့် စက်ပစ္စည်းအမျိုးအစားအပေါ်တွင် EMB က အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခြင်း။

(၆) အမျိုးမျိုးသောပတ်ဝန်းကျင်တို့တွင် အရည်အသွေးထိန်းချုပ်မှုနှင့် စမ်းသပ်မှုပြုလုပ်ခြင်း။

(၇) ၁၉၉၆ခုနှစ် ဒေသန္တရနှင့် မြူနီစီပါယ်ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို တရားဝင်ခွင့်ပြုခြင်း။

(၈) ရွေးကောက်ပွဲလွန်ပြန်လည်သုံးသပ်ချက်နှင့် နောက်ဆက်တွဲအရည်အသွေးစစ်ဆေးမှု။

(၉) ၂၀၀၂ အထွေထွေရွေးကောက်ပွဲများတွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအား အပြည့်အဝ အသုံးပြုမှု။

နည်းပညာအပေါ် နောက်ထပ်ယုံကြည်မှုမြင့်တက်စေရန်အတွက် ဒေတာခိုးယူသည့် (Hacking) ပြိုင်ပွဲတစ်ခုကို ၂၀၀၉ ခုနှစ်တွင်ကျင်းပခဲ့သည်။

ပံ့ပိုးမှုကိုရရှိရန် ချဉ်းကပ်ခြင်း သည် အလွန်လိမ္မာသောကိစ္စတစ်ခုဖြစ်သည်။ အခြေအနေအရ ဥပဒေပြု ရေးရာပြောင်းလဲမှုပြုလုပ်ရန် မလိုအပ်လျှင်လည်း ဤချဉ်းကပ်ခြင်းသဘောတရားက အတူတူပင်ဖြစ်သည်။

ဤအခြေအနေနှင့် ဆက်စပ်နေသည့် အန္တရာယ်ဖြစ်နိုင်သော အကြောင်းတစ်ခုမှာ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်အား နိုင်ငံရေးအရ (သို့မဟုတ် ပို၍အဖြစ်များသော) အမျိုးသားရေး ဂုဏ်ဒြပ်အရ မိမိတို့၏ နည်းပညာပိုင်းဆိုင်ရာ အသိပညာနှင့် ခေတ်မှီမှုတို့ကို ထုတ်ဖော်ပြသလိုစိတ်ဖြင့် မိတ်ဆက်ကျင့်သုံးခြင်း ပင်ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်ဖြင့် ချဉ်းကပ်မှုမျိုး၏ ပထမဆုံးသော သားကောင်မှာ ရေရှည်တည်တံ့ခိုင်မြဲမှု နှင့် အဓိပ္ပာယ်ရှိသောကုန်ကျစရိတ်သက်သာမှု အချို့ပင်ဖြစ်သည်။ ဤသို့သော အခြေအနေပုံစံမျိုးတို့တွင် သင့်လျော်မှုမရှိ (သို့မဟုတ်) လုံလောက်မှုမရှိကြောင်း သိသာနေသည့် စနစ်များကိုပင် တွန်းအားပေးဆောင်ရွက်လာကြပြီး ဂုဏ်သိက္ခာကျဆင်းစေမည့် စီမံကိန်းတစ်ခုမှ အရှက်ရမည့်ကိစ္စကို ရှောင်ကျဉ်ရန် လိုအပ်သည့်အတွက် ဆောင်ရွက်ခြင်းဟု ထင်မြင် ယူဆလာစရာရှိသည်။

အရေးကြီးသောကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများကို မျက်နှာမပျက်ရစေဘဲနှင့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို လိုအပ်သည့်အချိန်တွင် ပြန်၍ရုပ်သိမ်းနိုင်သည့် ရွေးချယ်မှုတစ်ခု အနေဖြင့် စဉ်းစားကာ ချဉ်းကပ်ခြင်းသည် ထိုအန္တရာယ်ကိုလျော့နည်းစေရန် အထောက်အကူပြုပါသည်။

### လူမှုရေးနှင့်ဆိုင်သော အနေအထား

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များကဲ့သို့ အဓိကလူမှုရေးလုပ်ရှားဆောင်ရွက်သူများသည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းနှင့် ပတ်သက်၍ ခိုင်မာသည့်သဘောထားများ (သို့မဟုတ်) စိုးရိမ်ပူပန်မှုများရှိလေ့ရှိပါသည်။ မူအားဖြင့်ဆိုရလျှင် ထိုသူတို့သည် အီလက်ထရောနစ်မဲပေးခြင်းကို စတင်ရန်စီမံဆောင်ရွက်ချိန် အစောပိုင်းကပင် ပါဝင်ဆောင်ရွက်သင့်ပါသည်။ ၎င်းတို့အား ရည်စူးထားသည့် စနစ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လုံလောက်စွာပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ သူတို့၏ စိုးရိမ်ပူပန်မှုများအား ကိုင်တွယ်ဆောင်ရွက်ရန် အချိန်ရှိသေးသည့် အစောပိုင်းအဆင့်၌ပင် ၎င်းတို့အား ဖော်ထုတ်ခွင့်ပြုခြင်းဖြင့်လည်းကောင်း ပါဝင်လာစေသင့်ပါသည်။

အိုင်စီတီလုံခြုံရေးကျွမ်းကျင်ပညာရှင်အဖွဲ့များသည်လည်း အများအားဖြင့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို ခိုင်မာစွာဆန့်ကျင်လေ့ရှိကြသူများဖြစ်သည်။ အတိုက်အခံပြုခြင်းအချို့မှာ အတန်ငယ် အခြေခံကျလှပြီး လက်ရှိရရှိနိုင်သည့်စနစ်အများစုမှာ ဤကဲ့သို့သောအတိုက်အခံတို့၏ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်နိုင်ခြင်းမရှိပေ။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအား မိတ်ဆက်ကျင့်သုံးမှု၏ အကျိုးကျေးဇူးများအတွက် အပေးအယူအဖြစ် အမြင်လွဲမှားမှုများကို ရှင်းလင်းခြင်း၊ အားနည်းချက်များကို ပြင်ဆင်ခြင်း (သို့မဟုတ်) အချို့သောဘေးများကိုလက်ခံခြင်း အစရှိသည့်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို နားထောင်၍ကိုင်တွယ်ရန်မှာ အရေးကြီးလှပါသည်။

နည်းပညာနှင့်မသက်ဆိုင်သည့် စိုးရိမ်ပူပန်မှုများကိုလည်း အလေးအနက်စဉ်းစားရန် လိုအပ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစီမံကိန်းများကြောင့် မဲပေးခြင်းထုံးစံနှင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် ၎င်း၏လူမှုရေး အရာအရေးပါမှုတို့ ပျောက်ဆုံးသွားမည်ကို မလိုလားသည့် ကဏ္ဍစုံမှ ပါဂင်ပတ်သက်သူများ၏ ဝေဖန်မှုများကို ခံရနိုင်ပါသည်။ ဥပမာအားဖြင့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည် ပစ္စည်းကြွယ်ဝ၍ စာတတ်မြောက်သောအုပ်စုများကို ပို၍ဆွဲဆောင်နိုင်သည့်အတွက်ကြောင့် ဒီဂျစ်တယ်ဖြင့်ခွဲခြားမှုကို အားပေးသည်ဟု ပြောဆိုကြတာရှိပါသည်။ အချို့ကလည်း အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအပေါ် သုံးစွဲသမျှကုန်ကျစရိတ်သည် နိုင်ငံသားများစွာ၏ နိစ္စဓူဝလိုအပ်ချက်များကို ဖြည့်စည်းမှုမရှိသည့် ဇိမ်ခံပစ္စည်းတစ်ခုသာဖြစ်ကြောင်း ဆွေးနွေးငြင်းခုံကြပါသည်။ ယင်းကဲ့သို့သောဝေဖန်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ကောင်းကျိုးနှင့် ဆိုးကျိုးများအပေါ် ရှင်းလင်းသည့်လေ့လာဆန်းစစ်ချက်ရလဒ်များ လိုအပ်ပါသည်။

## နယ်သာလန်နိုင်ငံ (The Netherlands)

နှစ်ပေါင်း ၂၀ ကြာအသုံးပြုပြီးနောက် အချို့သောအခြေအနေများတွင် လက်ရှိအသုံးပြုနေသည့်စနစ်များသည် မဲပြား၏လျှို့ဝှက်မှုကို အန္တရာယ်ရှိနိုင်ကြောင်း တက်ကြွလှုပ်ရှားသူများက ဖော်ထုတ်ပြသလိုက်သောအခါ ၂၀၀၈ ခုနှစ်တွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကိုရပ်ဆိုင်းခဲ့သည်။

ရွေးကောက်ပွဲများကို စီစဉ်ကျင်းပရန် တာဝန်ရှိသည့် ပြည်ထဲရေးနှင့် ဘုရင့် ဆက်ဆံရေးဝန်ကြီးဌာန (Ministry of the Interior and Kingdom Relations) သည် ဌာနတွင်းကျွမ်းကျင်မှုမရှိပဲ ရောင်းချသူများနှင့် စစ်ဆေး၍ အသိအမှတ်ပြုလွှာထုတ်ပေးသည့်အဖွဲ့အစည်းများအပေါ်သာ အလွန်မှီခိုအားထားနေခဲ့ကြောင်း စစ်ဆေးရေးကော်မရှင်ကတွေ့ရှိခဲ့လေသည်။ ထို့အတွက်ကြောင့် မဲဆန္ဒရှင်များက ဘောပင်နှင့် မဲပြားပုံစံကိုသာ ပြောင်းလဲအသုံး ပြုခဲ့ရသည်။

၎င်းကဲ့သို့ပြဿနာများရှိနေသော်လည်း ကဏ္ဍစုံမှပါဝင်ပတ်သက်သူများစွာ၊ အထူးသဖြင့်မြို့တော်ဝန်များနှင့် မဲဆန္ဒရှင်များသည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်ကို ယုံကြည်နေဆဲပင်ဖြစ်သည်။ အတိတ်မှ အပေါင်း လက္ခဏာဆောင်သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ၎င်းတို့သည် မဲပေးသည့်ကွန်ပျူတာများကို ပြန်လည်မိတ်ဆက်ကျင့်သုံးပေးကြရန် တောင်းဆိုနေကြသည်။

### အချိန်

အမျိုးမျိုးသောအဆင့်တို့တွင် အချိန်သည် အရေးပါသော အကြောင်းအချက်တစ်ခုဖြစ်သည်။ လက်တွေ့လုပ်ငန်း ဆောင်ရွက်မှုသဘောအရ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို ညတွင်းချင်း မိတ်ဆက်ကျင့်သုံး၍ရနိုင်မည် မဟုတ်ပေ။ သို့သော် ၎င်းကိုလူမှုရေးအရလက်ခံလာရန်မှာ နည်းပညာပိုင်းဆိုင်ရာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းသီးသန့်ထက် ပို၍ကြာရှည်နိုင်သည်ဟု လက်တွေ့ကျကျမျှော်မှန်းနိုင်ပါသည်။ ပုံမှန်အားဖြင့် ဆိုရလျှင် ပြည်သူများနှင့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများက ၎င်းတို့၏ကိုယ်ပိုင်အတွေ့အကြုံနှင့် ဗဟုသုတတို့အပေါ်အခြေခံ၍ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအပေါ် ယုံကြည်မှုမရှိခင်ကာလတွင် နည်းပညာပိုင်းဆိုင်ရာချို့ယွင်းချက် (သို့မဟုတ်) နိုင်ငံရေးအရအငြင်းပွားမှု မရှိဘဲနှင့်သာမက၊ ယုံကြည်ရသည့် ရလဒ်များနှင့် ရေရှည်အများပြည်သူပညာပေးခြင်းလုပ်ငန်းများဖြစ်ထွန်းလာစေရန် များစွာသော ရွေးကောက်ပွဲစက်ဝိုင်းတို့ကို ကျော်ဖြတ်ရလိမ့်မည်ဖြစ်သည်။ မူအားဖြင့် အီလက်ထရောနစ်မဲပေးခြင်းကို မိတ်ဆက်ကျင့်သုံးရာတွင် သတင်းအချက်အလက်ပေးသည့်လှုပ်ရှားမှုများနှင့် အပြန်အလှန်တက်ကြွဆောင်ရွက်သည့် လှုပ်ရှားမှုများကို နည်းပညာဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်မှုမတိုင်မီ ကောင်းမွန်စွာ စတင်ဆောင်ရွက် ထားသင့်ပါသည်။ သို့မှသာ စနစ်၏ နည်းပညာပိုင်းကို လူမှုအခြေအနေများ၏ တုံ့ပြန်မှုနှင့် စိုးရိမ်ပူပန်မှုများအပေါ် အခြေခံ၍ ပုံဖော်လာနိုင်ခြေရှိမည်ဖြစ်သည်။

## ဖိလစ်ပိုင်နိုင်ငံ (The Philippines)

၂၀၀၈ ခုနှစ်တွင် ဒေသတွင်းရွေ့ပြောင်းစမ်းသပ်မှုများပြုလုပ်ပြီးနောက် PCOS အခြေပြု အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို ၂၀၁၀ ခုနှစ်၌ တစ်နိုင်ငံလုံးအနှံ့မိတ်ဆက်ခဲ့သည်။

အစောပိုင်းစီမံကိန်းအဆင့်များတွင် နှောင့်နှေးမှုများဖြစ်ခဲ့ပြီးနောက် စနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တစ်နှစ်ထက်နည်းသည့် အချိန်သာရရှိပါတော့သည်။

ရွေးကောက်ပွဲမတိုင်ခင်တစ်ပါတ်ခန့်တွင် PCOS ၇၆၀၀၀ စလုံးကို မှားယွင်းစွာစီစဉ်ထားသည်ကို တွေ့ရှိလိုက်သောအခါ စနစ်ကို ဖျက် သိမ်းလိုက်ရန်နီးစပ်လာတော့သည်။ ပြဿနာကို နောက်ဆုံးအချိန်တွင်မှ ဖြေရှင်းခဲ့ပါသည်။ မဲပေးသည့်စက်အားလုံးကို ရုပ်ပိုင်းဆိုင် အားဖြင့် ပြန်လည်စီစဉ်မှု (Reconfiguring) ဖြင့် ဖြေရှင်းခဲ့ရသည်။

ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပပြီးနောက် ပေါ်ထွက်လာသည့်စိုးရိမ်ပူပန်မှုတစ်ခုမှာ သက်ဆိုင်ရာ EMB အနေဖြင့် စနစ်ရောင်းချသူအပေါ် ကြီးမားသည့်အတိုင်းအတာဖြင့် မှီခိုနေရခြင်းပင်ဖြစ်သည်။

## လက်တွေ့လုပ်ငန်းလုပ်ဆောင်ခြင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အခြေခံအုတ်မြစ်များ

အားပေးထောက်ပံ့မှုများပြုလုပ်သည့် လူမှု-နိုင်ငံရေးဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာ စေခြင်း (သို့မဟုတ်) ဖြစ်ပေါ်လာစေရန်ပြင်ဆင်ခြင်းသည် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအတွက် အလွန်အရေးပါသည့်အချက်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ထိုသို့သောလူမှု-နိုင်ငံရေးဆိုင်ရာ ပတ်ဝန်းကျင်က ကြီးမားစွာ အားပေးထောက်ပံ့ထားပါက ညံ့ဖျင်းစွာ ဒီဇိုင်းထုတ်ထားသည့် (သို့မဟုတ်) အသုံးပြုရန် သင့်တော်မှုမရှိသည့် မဲပေးခြင်းစနစ်မျိုးကိုပင် အချိန်အတန်ကြာအထိ

## အိုင်ယာလန်နိုင်ငံ (Ireland)

၂၀၀၅ နှင့် ၂၀၀၉ ခုနှစ်ကြားတွင် အိုင်ယာလန်နိုင်ငံသည် VVPAT စနစ်မပါသည့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်၌ ယူရိုသန်း (၆၀) ကျော်ကို ရင်းနှီးမြုပ်နှံခဲ့သည်။ ထိုသို့လုပ်ဆောင်ပြီးနောက်တွင်မှ အဆိုပါစနစ်သည် ယုံကြည်အားထားရမှု မရှိကြောင်းနှင့် အသုံးမပြုခင်မှာပင် အကုန်အကျများသည့် အဆင့်မြှင့်တင်မှုများလိုအပ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ရသည်။

ယုံကြည်မှုကင်းမဲ့မှုအပြင် မြင့်မားသည့်ကုန်ကျစရိတ်တို့ကြောင့် ၂၀၀၉ ခုနှစ်တွင် အီလက်ထရောနစ် နည်းဖြင့် မဲပေးခြင်းစနစ်ကို ဖျက်သိမ်းခဲ့ရသည်။ မသုံးရသေးသည့်စက်များကို ဖျက်ဆီးပစ်ရန် အဖြေမရသေးခြင်းကြောင့် အိုင်ယာလန်သည် သိုလှောင်စရိတ်များကို ကုန်ကျနေရဆဲဖြစ်ရာ မည်သည့် အချိန်အထိကုန်ကျနေရဦးမည်ကို မသိသေးပေ။

အောင်မြင်စွာအသုံးပြုနိုင်ပေသည်။ သို့သော်လည်းအခြေခံနည်းပညာဆိုင်ရာ ပြဿနာများ အလွန်ကြီးမားလာပါက ၎င်းတို့သည် အနေးနှင့်အမြန်ဆိုသလိုပင် လုပ်ငန်းစဉ်ကို ရှုပ်ထွေးစေပါလိမ့်မည်။ အချိန်သည်လည်းအကျဉ်းအကျပ်ဖြစ်နေ၊ အားနည်းသော (သို့မဟုတ်) မလုံလောက်သော အများပြည်သူပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းလှုပ်ရှားမှုများလည်းရှိနေ သည့် အခြေအနေမျိုးတွင် ဝေဖန်မှုများအား သဘာဝအရတုန့်ပြန်မှုတစ်ခုအဖြစ် သက်ဆိုင်ရာ EMB အတွင်း၌ မိမိကိုယ်မိမိ ခုခံကာကွယ်သော အနေအထားများ အလွယ်တကူထွက်ပေါ်လာမည်ဖြစ်သည်။ ကိစ္စရပ်များ ပို၍မြင်သာလာသည်နှင့်အမျှ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သံသယများဖြစ်ပေါ်လာပြီး ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့နှင့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း စနစ်ကို ယုံကြည်စိတ်ချမှုပျောက်ဆုံး လာမည်ဖြစ်ကာ တစ်ချိန်တွင် အီလက်ထရောနစ်နည်းဖြင့်မဲပေး စနစ်အား လုံးဝဖယ်ရှားပစ်ရသည့်အဆင့်အထိ ရောက်ရှိသွားနိုင်သည်ဖြစ်ပါသည်။

ထို့ကြောင့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အပေါ် ယုံကြည်မှုရှိရကျိုးနပ်စေရန် အတွက် မိမိတို့ရွေးချယ်ထားသည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အား ခိုင်မာသော နည်းပညာပိုင်းဆိုင်ရာ အုတ်မြစ်ပေါ်တွင် တည်ဆောက်ကြရမည်ဖြစ်သည်။ ယင်းကဲ့သို့သော နည်းပညာဆိုင်ရာ အုတ်မြစ်များတွင် ဥပဒေဆိုင်ရာ၊ အိုင်စီတီ၊ ပရောဂျက်စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် အချိန်တို့နှင့် စပ်ဆက်သည့် ရှုထောင့်တို့ပါရှိ လေသည်။

### စွမ်းဆောင်ရည်မြှင့်တင်ခြင်း

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အတွင်းရှိ ကျွမ်းကျင်မှု (သို့) စွမ်းဆောင်ရည်ကင်းမဲ့ခြင်း ပြဿနာအတွက် နည်းပညာဆိုင်ရာ အဖြေရှာမှုတစ်ခုအဖြစ် မမြင်သင့်ပါ။ ၎င်းအစား နှင့်ဆန့်ကျင်ဘက်ကျစွာပင် အဆိုပါစနစ်အသုံးပြုရန်အတွက် EMB တစ်ခု၏ အဆင့်အားလုံးတွင်သာမက အခြားသောပြင်ပမှ အဓိကပါဝင်ပတ်သက်သူများ၌ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ပိုမို၍လိုအပ်ပါသည်။

EMB များအတွက် အခက်ခဲဆုံးသောလုပ်ငန်းတာဝန်များထဲမှတစ်ခုမှာ ကြီးကြပ်ရေး၊ ထိန်းချုပ်မှုနှင့် အီ လက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ ပိုင်ဆိုင်မှုကို ထိန်းထားရန်ဖြစ်သည်။ သို့မှသာ ထောက်ပံ့ပေးသူနှင့် ထောက်ပံ့ပေးသူက တွန်းအားပေးသောလမ်းကြောင်းအပေါ် မှီခိုနေရမှုကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ရွေး ကောက်ပွဲကို စီစဉ်ကျင်းပခြင်း၏ အခြားသောလုပ်ငန်းများဖြစ်သည့် ပစ္စည်းထောက်ပံ့ပို့ဆောင်ရေးနှင့် နည်းပညာတို့အတွက် ပြင်ပကုမ္ပဏီများကိုအပ်နှံ၍ ကြီးမားစွာ မှီခိုနေရခြင်းတို့ကို လက်ခံကောင်းလက်ခံနိုင်ပါသည်။ သို့ရာတွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းများအတွက်မူ သက်ဆိုင်ရာ EMB သည် ၎င်းလုပ်ငန်းများအား မည်ကဲ့သို့ဆောင်ရွက်သည်ဆို သည်နှင့် ပြဿနာဖြစ်ပေါ်လာလျှင် မည်ကဲ့သို့ ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်သည့်ဆောင်ရွက်ချက်မျိုး ဖြင့် ဖြေရှင်းရမည်ဆိုသည်ကို သေချာစွာသိရှိထားရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန် နည်းပညာဆိုင်ရာနှင့်

### အိန္ဒိယနိုင်ငံ (India)

၁၉၈၂ ခုနှစ်ကတည်းကစတင်ခဲ့သည့် ရှေ့ပြေးစမ်းသပ်မှုများအပြီး၌ ကမ္ဘာပေါ်တွင် အကြီးမားဆုံးဒီမိုကရေစီနိုင်ငံသည် ၂၀၀၂ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးအနှံ့ မဲပေးသည့်စက်များကို အောင်မြင်စွာ အသုံးပြုခဲ့ကြပြီးဖြစ်သည်။ အိန္ဒိယမှ မဲပေးသည့်စက်များ၏ ထင်ရှားသည့်လက္ခဏာ ၂ ရပ်မှာ ကုန်ကျစရိတ်နည်းခြင်း (အခြားသောစနစ်အများစုထက် သိသာစွာနည်းပါးသည်) နှင့် အတော်အတန် ရိုးရှင်းသောနည်းပညာရှိခြင်းပင်ဖြစ်သည်။

သက်ဆိုင်ရာ EMB အပေါ်တွင် ယုံကြည်မှုအပြည့်အဝရှိသည့်အတွက် အိန္ဒိယစနစ်သည် ကျယ်ပြန့်စွာလက်ခံထားသည့် စာရွက်မှတ်တမ်းကို အသုံးမပြုပါ။

သို့သော် ၂၀၁၀ ခုနှစ်တွင် စနစ်၏ ရိုးစင်းမှုသည် လုံခြုံမှုပြဿနာများနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ရာကိုဖန်တီးလိုက်သည့်အတွက် ၂၀၁၁ ခုနှစ်တွင် အိန္ဒိယ EMB သည် စာရွက်မှတ်တမ်းကို အသုံးပြုရန်အတွက် အလေးထားစဉ်းစားလာခဲ့သည်။

စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကြီးမားစွာလိုအပ်ပြီး သက်ဆိုင်ရာ EMB အနေဖြင့် ယင်းကဲ့သို့သော စွမ်းဆောင်ရည်ကို တည်ဆောက်၍ ဖြည့်ဆည်းထားနိုင်သည့် အနေအထားတွင် ရှိနေရမည်ဖြစ်သည်။

ထို့မျှမကသေးအီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်တစ်ခု၏လုံခြုံမှုသည်EMBကော်မရှင်အဖွဲ့ဝင်များမှသည် မဲရုံဂန်ထမ်းများအထိ လက်တွေ့လုပ်ငန်း ဆောင်ရွက်ခြင်းတွင် ပါဝင်နေသည့် တာဝန်ရှိသူအားလုံးက ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း လေးနက်စွာလိုက်နာဆောင်ရွက် မှုအပေါ် မူတည်ပါသည်။ ထို့အတွက်ကြောင့် အီလက်ထရောနစ်စနစ်ကျင့်သုံးသော ရွေးကောက်ပွဲတစ်ခု၏ အောင်မြင်မှုနှင့် အများယုံကြည်လက်ခံမှုတို့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ လုပ်ငန်းအဆင့်အားလုံးနှင့် ကော်ရှင်၏ဂန်ထမ်းအဆင့်အားလုံးတို့အား အလုံးစုံခြုံငုံသော သင်တန်းများပို့ချပေးရန်မှာ အထူးအရေးကြီးလှပါသည်။

နောက်ဆုံးတွင် ပြည့်စုံသောပြည်သူ့လူပ်ရှားမှုများနှင့် မဲဆန္ဒရှင်မှတ်ပုံတင်ရေးလှုပ်ရှားမှုများသည် အရေးကြီးလှပါသည်။ နိုင်ငံသားများသည် ၎င်းတို့၏ဆန္ဒမဲများကို အီလက်ထရောနစ်နည်းဖြင့် မည်ကဲ့သို့မဲပေးရသလဲဆိုသည်ကို သာမန်လေ့လာသည်ထက် ပို၍လေ့လာရန်လိုအပ်ပါသည်။ ၎င်းတို့သည် ရွေးချယ်လိုက်သည့်စနစ်၏ ယုံကြည်ကိုးစားရမှုနှင့် အဘယ်ကြောင့် အဆိုပါနည်းပညာအားရွေးချယ်ရသည်ဆိုသည်ကို နားလည်ရန်လည်းလိုအပ်ပါသည်။ မဲဆန္ဒရှင်တို့အတွက် သီးသန့်သတင်းအချက်အလက်ပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ EMB များအနေဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ ကတည်းက စီစဉ်ထားရန်လိုအပ်ပြီး ဖြစ်နိုင်ခြေရှိပါက လူထုအလွှာများစွာမှဆင်နွဲလာနိုင်ခြေရှိသည့် ပွဲများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။ ဤချဉ်းကပ်မှုပုံစံမျိုးအတွက် လုံလောက်သည့်ဘတ်ဂျက်ထောက်ပံ့မှု ရရှိရန်လိုအပ်ပြီး အဆိုပါကိစ္စထည့်သွင်းစဉ်းစားရန်အား ကြိမ်ဖန်များစွာမေ့လျော့လေ့ရှိပါသည်။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အပေါ် နောက်ဆုံးပိတ်ပြည်သူ့သဘောထားအမြင်သည် ရွေးချယ် အသုံးပြုထားသည့်စနစ်အပေါ် ရွေးကောက်ပွဲနေ့တွင် ပြည်သူတို့၏ ရင်းနှီးကျွမ်းဝင်မှု အတိုင်းအတာပေါ်၌ လုံးဝတည်မှီနေပါသည်။

## ငွေကြေးအကျိုးအမြတ်ဆိုင်ရာရှုထောင့်များ၊ ပစ္စည်းဝယ်ယူမှုနှင့် ကုန်ကျစရိတ်များ

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစီမံကိန်းကို မစတင်ခင်တွင် လုပ်ဆောင်ရန်ဖြစ်နိုင်ခြေရှိ/မရှိ ကျယ်ပြန့်သောလေ့လာဆန်းစစ်မှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကုန်ကျစရိတ်နှင့် ရရှိလာမည့်အကျိုးတရား တို့အကြား ပြည့်စုံသောသုံးသပ်ဆန်းစစ်ချက်တစ်ခု ပြုလုပ်သင့်ပါသည်။

အိုင်စီတီကိရိယာအားလုံးကို နှစ်အနည်းငယ်ကြာသည်နှင့် ပြန်လည်အစားထိုးခြင်း၊

အဆင့်မြှင့်တင်ခြင်းများကို ပြုလုပ်ကြရသည်။ ၎င်းကိစ္စမှာ အထူးသဖြင့် လျင်မြန်စွာပြောင်းလဲနေသည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း နည်းပညာအတွက် မှန်ကန်လှပါသည်။ ရွေးကောက်ပွဲစက်ဂန်းအတော်များများထိတိုင်အောင် သိုလှောင်ထား ခြင်း၊ ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် စနစ်လည်ပတ်စေခြင်းတို့အတွက် ကုန်ကျစရိတ်အားလုံးကို ပါဝင်တွက်ချက်ထားသည့် ပိုင်ဆိုင်မှုအတွက် ကုန်ကျစရိတ်စုစုပေါင်း (Total Cost of Ownership – TCO) အား လက်တွေ့ကျကျတွက်ချက်ခြင်းအပေါ်

## အမေရိကန်ပြည်ထောင်စု (The United States)

၂၀၀၂ ခုနှစ်တွင် Help America Vote Act ဥပဒေကိုပြဌာန်းလိုက်ပြီးသည့်နောက် အမေရိကန်ပြည်ထောင်စုသည် မဲပေးသည့်စက်များစွာ၌ (အများစုတွင်စာရွက်မှတ်တမ်း (Paper trail) မပါ) ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သည်။

၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်တွင် အမေရိကန်၏ Voluntary Voting System Guidelines (VVSG) ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ မဲပေးသည့်စက်များကို စစ်ဆေးအသိအမှတ်ပြုရန်အတွက် သတ်မှတ်ချက်စံချိန်စံညွှန်းများနှင့် လိုအပ်ချက်များကို ဖော်ပြထားသည့် လက်ရှိတွင်အပြီးပြည့်စုံဆုံးသောလမ်းညွှန်ချက်များဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ပြည်နယ်များစွာ၌ စာရွက်မှတ်တမ်းများ လိုအပ်လာပြီး စာရွက်မှတ်တမ်းများမပါသော မဲပေးသည့်စက် များကို ခေတ်နောက်ကျကျန်နေခဲ့စေပါသည်။

၂၀၁၀ ခုနှစ်တွင် ပြည်နယ် (၄၀) သည် စာရွက်မှတ်တမ်းများ လိုအပ်မှုဆီသို့ ဦးတည်လာခဲ့ပါသည်။

အထူးအာရုံပြုသင့်ပါသည်။ ရွေးကောက်ပွဲစက်ဂန်းများမှာ ရှည်လျားပြီး မဲပေးသည့်စက်များကို နှစ်အတန်ငယ်ကြာသည့်အခါမှ တစ်ကြိမ်သာအသုံးပြုပါက ဌားရမ်းအသုံးပြုခြင်းသည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်ကို ဝယ်ယူခြင်းထက် ပို၍ကုန်ကျစရိတ် သက်သာစေပြီး ပွင့်လင်းမြင်သာမှုရှိစေပါသည်။

ရောင်းချသူတို့၏ လွှမ်းမိုးမှုမပါဘဲ EMB တစ်ခု၏ ထိန်းချုပ်မှုသက်သက်အောက်တွင်သာ အသေးစိတ်ကျပြီး ရှင်းလင်းသော ပစ္စည်းအမျိုးအစားသတ်မှတ်ချက်များ (specifications) ရေးဆွဲမှုသည် အရေးကြီးပြီး ရောင်းချမည့်သူများနှင့် တင်ဒါများကို အကဲဖြတ်မည့်သူများမှလဲ ၎င်းသတ်မှတ်ချက်များအား ကောင်းစွာနားလည်ရပါမည်။ ဖိမ်ခံပစ္စည်းဝယ်ယူသကဲ့သို့ပင် အသေးစိတ် specification များကို ရှင်းလင်းပြသရန် အချိန်ပို၍ယူခြင်းသည် ပစ္စည်းဝယ်ယူသည့်လုပ်ငန်းစဉ်တွင် အသင့်တော်ဆုံး တင်ဒါအောင်မြင်သူအား ရွေးချယ်နိုင်ရန် အခွင့်အလမ်းများကို များစွာတိုးတက်လာစေသည်။

အီလက်ထရောနစ်မဲပေးခြင်းစနစ်၏ ကုန်ကျစရိတ်သည် အထူးသဖြင့် ကနဦးအကောင်အထည်ဖော်သည့် ကာ လများတွင် အလွန်ပင်များပြားလှပါသည်။ ပွင့်လင်းမြင်သာ၍ ဖွင့်ထားသည့်လုပ်ထုံးလုပ်နည်းများဖြင့် လုပ် ဆောင်သော ပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်သည် ရောင်းချသူများမှ အငိုက်ဖမ်းနိုင်သည့်ဖြစ်စဉ်များကို ရှောင်ရှားရန် မရှိမဖြစ်လိုအပ်သည်။ ထို့အပြင်နောက်ဆုံးရွေးချယ်လိုက်သည့်စနစ်အပေါ် ယုံကြည်မှု လျော့ပါးသွားစေမည့် ရောင်းချသူဘက်မှ အဂတိလိုက်စားမှု (သို့မဟုတ်) နိုင်ငံရေးအရဘက်လိုက်မှု နှင့်စပ်လျဉ်းသည့် မည်သည့်စိုးရိမ်ဖွယ်ကိုမဆို မဖြစ်လာရအောင် လုပ်ငန်းစဉ်အနေဖြင့် ထိန်းသိမ်းထားနိုင်ရန် လိုအပ်ပါသည်။

ပစ္စည်းဝယ်ယူခြင်းကို နောက်ဆုံးအချိန်တွင်မှ အစပြုလုပ်ဆောင်ခြင်း မလုပ်သင့်ပါ။ ရွေးကောက်ပွဲရက် မှာ သတ်မှတ်ပြီးဖြစ်သည်နှင့်အညီ ပစ္စည်းဝယ်ယူမှုအချိန်ကာလကို နည်းပညာဆိုင်ရာ အကောင်အထည်ဖော်မှု အချိန်ကာလထက်လျော့မတွက်သင့်ပေ။ လျော့တွက်မိပါက စနစ်ကို

### ဂျာမနီနိုင်ငံ (Germany)

၂၀၀၉ ခုနှစ်တွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို အခြေခံဥပဒေနှင့်မညီကြောင်း ကြေညာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ရွေးကောက်ပွဲအားလုံးသည် လူသိရှင်ကြားဖြစ်ရပါမည်။ အဆိုပါမူအရ ရွေးကောက်ပွဲ၏ အဓိကအဆင့်များ ဖြစ်သော ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့အပါအဝင် ရွေးကောက်ပွဲ၏ အဓိကကျသည့်အဆင့်များအား အခြားမည်သည့် အထူးပြုဗဟုသုတများမှ မလိုအပ်ဘဲ ပြည်သူတို့မှစေ့စပ်စွာ စောင့်ကြည့်မှုသာလိုအပ်သည်ဟု အခြေခံဥပဒေခုံရုံးမှ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

မည်သည့်ကွန်ပျူတာအမှားကိုမဆိုရှာဖွေဖေါ်ထုတ်ရန်အတွက် အမှီအခိုကင်းသည့်နည်းလမ်းတစ်ရပ်ကိုလည်း အဓိကအ ရေးကြီးသည့်အချက်တစ်ခုအဖြစ် မှတ်ယူခဲ့ကြပါသည်။

သက်တမ်းနုပြီး ဆိုးရွားစွာ အကောင်အထည်ဖော်ဆောင်ရွက်မိမည့် အန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။ ရွေးကောက်ပွဲစက်ဝန်နှင့်ချိန်ကိုက်၍ ပစ္စည်းဝယ်ယူမှုကို သေချာစွာ စဉ်းစားလုပ်ဆောင်ခြင်းသည် စိတ်ကျေနပ်စေမည့် အကောင်အထည် ဖေါ်ဆောင်ရွက်မှု တစ်ခုဖြစ်စေရန် သော့ချက်ကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။

တင်ဒါအောင်သူကို မရွေးချယ်ရသေးမီ အဆိုပြုလာသူများမှ အရေအတွက်အကန့်အသတ်ဖြင့် ရွေးချယ်ပြီး ၎င်းတို့ထံမှ ထိရောက်သည့် ရှေ့ပြေးစီမံကိန်းနှင့် ခိုင်မာမှုရှိ/မရှိ စမ်းသပ်မှုများမရှိဘဲနှင့် ဘယ်သောအခါမှ ရွေးချယ်စာချုပ်ချုပ်သည့် လုပ်ငန်းစဉ် (Contract Award Process) ကို မဆောင်ရွက်သင့်ပါ။ ဤသို့လုပ်ဆောင်သောပုံစံမျိုးသည် ရောင်းချသူဘက်မှ ကောင်းစွာဖော်ပြထားခြင်း မရှိသည့် လုပ်ငန်းစဉ်အတွင်းမှ အချို့အစိတ်အပိုင်းများတွင် ပြင်းထန်သောစနစ်ရပ်ဆိုင်းသွားခြင်းမျိုး (System failure) ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသို့ ရပ်ဆိုင်းသွားပါက အပိုကုန်ကျစရိတ်များ (သို့မဟုတ်) နောက်ပိုင်းတွင် ရှင်းပြရန်နှင့် ပံ့ပိုးမှုရရှိရန်ခက်ခဲသည့် နည်းစနစ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ခြေရှိသည်။

#### အိုင်စီတီ၊ လုံခြုံမှုနှင့် ပွင့်လင်းမြင်သာရှိမှု

လက်ရှိဖြစ်ပေါ်နေသောအခြေအနေနှင့် ကိုက်ညီသည့် မဲပေးသည့်နည်းပညာကို ရွေးချယ်ရန်မှာ အရေးပါလှပါသည်။ နည်းပညာအနေဖြင့် တည်ရှိနေသောပတ်ဝန်းကျင်အခြေအနေများကို ထည့်သွင်းစဉ်းစား၍ စဉ်းစားဖေါ်ထုတ်ထားသည့် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ရှိနေပြီးသောအခြေခံအဆောက်အဦးအတွင်း ယုံကြည်အားထားလောက်စရာ လည်ပတ်လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။

ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူတို့၏ ယုံကြည်မှုကိုဖြစ်ပေါ်စေနိုင်ရန်အတွက် အိုင်စီတီ အစိတ်အပိုင်းများသည် ပွင့်လင်းမြင်သာမှုမြင့်မားစွာ ဆောင်ရွက်နိုင်သင့်ပါသည်။ ယင်းတွင် ပြင်ပမှ လူများနှင့် စနစ်ကိုဆောင်ရွက်နေသည့် အတွင်းလူများ၏ ကြိုးကိုင်လှည့်စားမှုကို ကာကွယ်ထားရန်အတွက် ယုံကြည်စိတ်ချရပြီး လူအများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ထားသည့် စနစ်များပါဝင်ရန် လိုအပ်သည်။

အခြေခံအဆောက်အဦးအတွင်း မျှော်လင့်မထားသည့် ချို့ယွင်းချက်များ၊ ပျက်စီးယိုယွင်းမှုများနှင့် စနစ်ရပ်ဆိုင်း သွားမှုများဖြစ်ပေါ်လာသည့်အခါ စီမံကိန်းကိုဆက်လက်လည်ပတ်နေစေရန် အထူးသဖြင့် အချိန်အကန့်အသတ်ရှိနေသည့်အခြေအနေမျိုး (သို့မဟုတ်) စောစီးစွာ အကောင်အထည်ဖော်သည့် အခြေအနေမျိုးတို့တွင် အစားထိုးပြောင်းလဲ၍ အသုံးပြုနိုင်မည့် အစီအမံများကို ပြင်ဆင်ထားသင့်သည်။

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ ပွင့်လင်းမြင်သာမှုနှင့် လုံခြုံမှုကိုမြင့်တက်လာစေရန် အရေးကြီးသည့် လုပ်ဆောင်ချက်တစ်ခုမှာ တင်းကြပ်စွာစစ်ဆေးပြီး ထုတ်ပေးထားသည့် အသိအမှတ်ပြုလွှာ (သို့မဟုတ်) စာရင်းစစ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ဖြစ်သည်။ ၎င်းသို့ဆောင်ရွက်ခြင်းအားဖြင့် ထွက်ပေါ်လာသည့်ရလဒ်များ၏ မှန်ကန်မှုကို အမှီအခိုကင်းကင်းဖြင့် အတည်ပြုပေးနိုင်ပါသည်။

ထိန်းချုပ်ထားသည့် ပတ်ဝန်းကျင်တို့တွင် မဲပေးသည့်စက်များတွင်တော့ VVPAT စနစ်များ ထည့်သွင်းထားခြင်းဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်ပါသည်။

ကျပန်းရွေးချယ်လိုက်သည့်မဲရုံများ၌ လူဖြင့်ပြန်လည်ရေတွက်ခြင်းနှင့် ချိတ်ဆက်ထားသည့် VVPAT စနစ်များသည် မဲပေးသည့်စက်များမှ ထုတ်ပေးသည့်ရလဒ်များ၏ တိကျမှုကို ပွင့်လင်းမြင်သာစွာဖြင့် ပြန်လည်စိစစ်အတည်ပြုပေးနိုင်သည့် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။ VVPAT စနစ်များကို ပြည့်ဝစွာအသုံးပြုနိုင်ရန်အတွက် စာရင်းအင်းနည်းပညာအရ ခိုင်မာသောကျပန်းနမူနာအရွယ်အစားကို သတ်မှတ်ခြင်း၊ ပြန်လည်ရေတွက်မှုအတွက် ရွေးချယ်သည့်လုပ်ထုံးလုပ်နည်း၊ လူဖြင့်ရေတွက်မှုနှင့် အီလက်ထရောနစ်နည်းဖြင့် ရေတွက်မှုတို့အကြားရှိ ကွဲလွဲနိုင်မှုများကို ဖြေရှင်းပေးမည့် စနစ်များ လိုအပ်သည်။

VVPAT မရှိပါက အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်အပေါ် အများယုံကြည်လက်ခံမှုသည် စနစ်ကိုအသုံးမပြုမီတွင် ထုတ်ပေးထားသော စစ်ဆေးအသိအမှတ်ပြုလွှာအပေါ်တွင် လုံးဝတည်မှီနေပါသည်။ ယင်းအထောက်အထားနှင့်အတူ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်နှင့် အပြီးတွင်ပြုလုပ်သည့် စာရင်းစစ်မှုများ၏ အသုံးပြုနေသောစနစ်သည် အသိအမှတ်ပြုလွှာအတိုင်းဖြစ်သည်ဟူသော အတည်ပြုချက်၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ အားလုံးကို ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြကြောင်း အတည်ပြုချက်တို့အပေါ် မူတည်နေပါသည်။

အဓိပ္ပာယ်ပြည့်ဝသည့် စစ်ဆေးအသိအမှတ်ပြုလွှာအတွက် အရေးကြီးသည့်လိုအပ်ချက်မှာ ကဏ္ဍစုံမှပါဝင် ပတ်သက်သူအားလုံး ယုံကြည်လက်ခံသည့် အသိအမှတ်ပြုလွှာထုတ်ပေးသည့်အဖွဲ့အစည်းတစ်ခုရှိရေးပင် ဖြစ်သည်။ ဤအဖွဲ့အစည်းသည် နိုင်ငံရေးအရ လွှမ်းမိုးခံရမှု၊ စနစ်ရောင်းချသူနှင့် သက်ဆိုင်ရာ EMB တို့၏ လွှမ်းမိုးမှုတို့မှရှင်းရှင်းလင်းလင်းလွတ်ကင်းနေသင့်ပါသည်။ အသိအမှတ်ပြု

## ဗြိတိန်နိုင်ငံ (United Kingdom)

အမျိုးမျိုးသော ဒေသန္တရအဆင့်ရွေ့ပြေးစမ်းသပ်မှုများအပြီး ၂၀၀၅ ခုနှစ်၌ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များသည် ကုန်ကျစရိတ်များလှကြောင်း၊ မဲပေးမည့်သူများမြင့်တက်လာခြင်းမရှိကြောင်းနှင့် လုံလောက်သည့် စာရင်းစစ်ခြင်းလမ်းကြောင်း တစ်ရပ်လည်း မရှိကြောင်း သုံးသပ်ခဲ့ပါသည်။ စာရွက်ဖြင့်မဲပေးခြင်းသည် ယုံကြည်မှုကို ပိုမိုရရှိခဲ့ပါသည်။

လွှာထုတ်ပေးသည့်နည်းစနစ် (Certification Methodology) နှင့် ရလဒ်များကို ပြည်တွင်းစောင့်ကြည့်လေ့လာသူများနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအပါအဝင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူအားလုံး တို့က ကြည့်ရှုနိုင်ရပါမည်။

စစ်ဆေးအသိအမှတ်ပြုလွှာထုတ်ပေးသည့် မည်သည့်စနစ်တွင်မဆို လိုအပ်ချက်များနှင့် စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ သဘောတူညီချက်တစ်ခုပြုလုပ်၍ ဆောင်ရွက်ရပါမည်။ လက်ရှိတွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များအတွက် ကမ္ဘာလုံးချီ၍ သဘောတူညီထားသည့် စံနှုန်းများ၊ လိုအပ်ချက်များမရှိသေးပါ။ ထို့ကြောင့် ၎င်းတို့ကို သက်ဆိုင်ရာနိုင်ငံအလိုက် သတ်မှတ်ပေးရမည်ဖြစ်ပြီး အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် နိုင်ငံတကာမှ ဥပမာများကို အခြေခံ၍ ဖွင့်ဆိုသွားရမည်ဖြစ်သည်။ ပြည်သူတို့ထံမှ သဘောထားတောင်းခံခြင်း အလေ့အထသည် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ကျွမ်းကျင်ပညာရှင်များစွာတို့အတွက် ပြောဆိုခွင့်ရရန် အခွင့်အလမ်းကောင်းပင်ဖြစ်ပြီး ၎င်းတို့အားလုပ်ငန်းစဉ်ထဲတွင် ပါဝင်လာခွင့်ပြုကာ လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းစေနိုင်သည့် စောစီးစွာဝေဖန်မှုများကို ခွင့်ပြုပေးခြင်းမျိုးဖြစ်သည်။

စစ်ဆေးအသိအမှတ်ပြုလွှာထုတ်ပေးခြင်းနှင့် စာရင်းစစ်မှုတို့သည် အရေးကြီးသည့် ယုံကြည်မှု တည်ဆောက်ခြင်း လုပ်ငန်းများဖြစ်ပြီး ဆက်စပ်မှတ်တမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်သူတို့မှ လေ့လာကြည့်ရှုနိုင်သည့် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်မှုများဖြစ်သင့်သည်။ နှုတ်ဆိတ်နေရေး သဘောတူညီချက်များ (non-disclosure agreement) ကဲ့သို့သော ကိစ္စမျိုးသည် ပွင့်လင်းမြင်သာမှုကို အနှောင့်အရှက်ဖြစ်စေပြီး အားနည်းချက် ဖြစ်လာနိုင်သည့် လက္ခဏာတစ်ခုဖြစ်ကာ ဖြစ်နိုင်သည့်အခါတိုင်း ရှောင်ကျဉ်သင့်ပါသည်။

## ဥပဒေရေးရာ မူဘောင်

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည် များသောအားဖြင့် နိုင်ငံတစ်နိုင်ငံအတွင်းရှိ ရွေးကောက်ပွဲ ကျင်းပသည့် နည်းလမ်းများအား သိသာထင်ရှားစွာ ပြောင်းလဲလိုက်လေ့ရှိကြသည်။ ဤပြောင်းလဲမှုများသည် သက်ဆိုင်ရာ EMB တစ်ခုအတွက် ကိုင်တွယ်ရန်အလွန်အကဲဆတ်လေ့ရှိသည့် ကွဲပြားသော အင်စတီကျူးရှင်းများကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရခြင်း (သို့မဟုတ်) သက်ဆိုင်ရာ EMB ၏ လုပ်ပိုင်ခွင့်အာဏာအပြင်ဘက်၌ရှိနေခြင်းများဖြစ်လာနိုင်သည်။ ထို့ကြောင့်နည်းပညာနှင့် ဥပဒေရေးရာမူဘောင်တို့အကြား လိုက်လျောညီထွေရှိစေမည့် လိုအပ်သည့်ထိန်းညှိပြင်ဆင်ခြင်းများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

နိုင်ငံတစ်ခုအနေဖြင့် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများအတွက်လိုက်နာရန် အပြည်ပြည်ဆိုင်ရာအဆင့်နှင့် ပြည်တွင်းအဆင့်တို့တွင် သဘောတူညီထားသည့် အခြေခံဝတ္တရားများနှင့် စပ်လျဉ်းသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်ရည်ညွှန်းချက်များကို ရှာဖွေဖော်ထုတ်ရန်အတွက် ဥပဒေရေးရာမူဘောင်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ ဤရည်ညွှန်းချက်များတွင် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ ကွဲပြားခြားနားစွာ အဓိပ္ပါယ်ဖွင့်ဆိုထားနိုင်ပြီး နိုင်ငံတော်မှ အကောင်အထည်ဖော်လိုသည့် နည်းပညာရွေးချယ်မှုနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပါသည်။ မိမိတို့၏နည်းပညာရွေးချယ်မှုသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် အလုံးစုံလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်ခြင်းရှိမရှိ ပထမဦးဆုံးအနေဖြင့် သေချာအောင် လေ့လာစိစစ်ရမည်ဖြစ်သည်။ ထို့နောက်ရွေးချယ်ထားသည့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်သည် ၎င်းတို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်တို့နှင့် လိုက်လျောညီထွေရှိကြောင်းသေချာစေရန်အတွက် ပြည်ထောင်စုဥပဒေပါ ဖော်ပြချက်များနှင့်သာမက ရွေးကောက်ပွဲ အသုံးအနှုန်းများနှင့်အထိပါ ပြန်လည်တိုက်ဆိုင်သုံးသပ်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် မဲပုံးများ၊ မဲပြားများ၊ စာရွက်ဖြင့်မဲပေးခြင်းနှင့် ရေတွက်ခြင်းလုပ်ငန်းစဉ်၊ ပယ်မဲနှင့် ဗလာမဲတို့၏ တန်ဖိုး၊ မသမာမှုအစရှိသည့် ရည်ညွှန်းချက်များဖြစ်ကြသည်။

သီးသန့်အာရုံစိုက်ရန်လိုအပ်သော အမျိုးအစားသစ်များလည်းရှိပါသည်။ အီလက်ထရောနစ်စနစ်ဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်သည့်စနစ်များနှင့် အီလက်ထရောနစ်နည်းဖြင့် မဲပေးရန်

ရွေးချယ်မှုအကြားရှိ ဆက်စပ်မှု (သို့မဟုတ်) ရလဒ်ကိုပိုမိုလျင်မြန်စွာ ထုတ်ပေးနိုင်မည့်စနစ်တစ်ခု အတွင်းတွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းနှင့်သက်ဆိုင်သည့် တိုင်ကြားချက်များကို အချိန်မှီဖြေရှင်းခြင်းများကဲ့သို့ဖြစ်သည်။ တာဝန်ရှိသည့် EMB နှင့် အခြားသော အာဏာပိုင်များအကြားတွင် ဌာနအဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်း စီမံ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ပထမကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်စစ်မှန်ကြောင်း အလိုအလျောက်အတည်ပြုနိုင်ရန် အတွက် အချက်အလက်ဖလှယ်မှုအစီအစဉ်ကို အာရုံစိုက်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဒုတိယကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆန္ဒမဲ၏လျှို့ဝှက်မှု၊ ပြန်လည်ရေတွက်ခြင်း၊ အမှားများကို ကိုင်တွယ် ဖြေရှင်းခြင်းနှင့် မဲဆန္ဒရှင်အားအကျပ်ကိုင်မှု အစရှိသည့် အီလက်ထရောနစ်စနစ်အတွင်း အသုံးပြုသည့် ကွဲပြားခြားနားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များအကြောင်းကို ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ရမည့်အဖွဲ့ထံသို့ အကြောင်းကြားထားရမည်ဖြစ်သည်။

သို့သော် ဥပဒေမှ အနက်ဖွင့်ဆိုချက်များသည် ထိုထက်ပို၍ တာသွားနိုင်ပါသည်။ ဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ချက်သည် ရွေးကောက်ပွဲဥပဒေနှင့် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများအတွက် အခြေခံကျသည့် ကတိကဝတ်များကို ကျော်လွန်၍ အပြိုင်သွားနေသည့်ဥပဒေများ (သို့မဟုတ်) နောက်ဆက်တွဲဖြစ်လာနိုင်သည့် ဥပဒေပြုမှုများ အစရှိသည့်အလွှာများကို ခြုံငုံမိရန် လိုအပ်ပါသည်။

ဒီဂျစ်တယ်သရုပ်လက္ခဏာ၊ ဒီဂျစ်တယ်နည်းဖြင့် သရုပ်လက္ခဏာစစ်ဆေးခြင်း၊ ဒီဂျစ်တယ် လက်မှတ်များ၊ အချက်အလက်များကို ကာကွယ်ခြင်း၊ အချက်အလက်များကို ထိန်းသိမ်းထားခြင်း၊ စစ်ဆေးပြီး အသိအမှတ်ပြုလွှာထုတ်ပေးခြင်း (Certification) နှင့် စာရင်းစစ်စည်းမျဉ်းတို့ကဲ့သို့သော ကိစ္စရပ်အားလုံး အကြုံးဝင်နိုင်ပါသည်။ ဂျာမနီနိုင်ငံ၏ ဖြစ်စဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ဖော်ပြနေပါသည်။

လူဖြင့်လုပ်ရသည့်အချို့သောလုပ်ထုံးလုပ်နည်းအဟောင်းများသည်နည်းပညာအသုံးပြုသည့် အခါတွင် အသုံးမလိုဖြစ်သွားလေ့ရှိသည်မှာ ဖြစ်နေကျပင်ဖြစ်သည်။ လက်တွေ့ကျသောနည်းလမ်း တစ်ခုမှာ လုပ်ထုံးလုပ်နည်းဟောင်းများကို ထင်ဟပ်စေမည့် နည်းပညာကို ရွေးချယ်မှု (သို့မဟုတ်) မွမ်းမံပြုပြင်မှု ဆောင်ရွက်ခြင်းဖြစ်၍ ဥပဒေအရ အကြီးစားပြောင်းလဲမှု လိုအပ်ချက်ကို လျော့ချနိုင်ပါသည်။ ယင်းကဲ့သို့သော ချဉ်းကပ်မှုအပေါ် ဆုံးဖြတ်ချက်များကို သေချာဂရုပြု၍ လုပ်ဆောင်သင့်သည်။ အဘယ်ကြောင့်ဆိုသော် မလိုအပ်သော ရှုပ်ထွေးမှုနှင့် အမှားများနေသည့် စနစ်တစ်ခု ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်ရှိသောကြောင့် ဖြစ်သည်။

အောင်မြင်မှုရရှိရန်အတွက် ရွေးကောက်ပွဲစက်ဝန်း အတော်များများအချိန်ယူရနိုင်သည့် ဤဥပဒေရေးရာပြောင်းလဲမှု၏ ကျယ်ဝန်းသည့်အတိုင်းအတာသည် (ရှေ့ပြေးစမ်းသပ်မှုမှ အီလက်ထရောနစ်ရွေးကောက်ပွဲစနစ် အထိ ပြည့်ပြည့်ဝဝ ဖော်ဆောင်နိုင်ခြင်း) အီလက်ထရောနစ် မဲပေးခြင်းစနစ်ကို မိတ်ဆက်ရာ၌ အားကောင်းသည့် နိုင်ငံရေးဆိုင်ရာ ဘုံ သဘောတူညီချက်တစ်ခုရရှိရန် မည်မျှအရေးကြီးကြောင်း မီးမောင်းထိုးပြနေပါသည်။

အကောင်းဆုံးမှာ ဥပဒေရေးရာပြုပြင်ပြောင်းလဲမှု/ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ် တစ်ခုနှင့်အတူ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းအား နည်းပညာအရစမ်းသပ်မှုတစ်ခုကိုပါ ပူးတွဲလုပ်ဆောင်သင့်ပြီး ထိုစမ်းသပ်မှုက လုပ်ငန်းစဉ်ကို လွှမ်းမိုးမှုရှိသင့်ပါသည်။ အကောင်းဆုံးသော နည်းပညာစနစ် တစ်ခုရရှိရန်အတွက် (နှင့် ဥပဒေဆိုင်ရာ အခြေခံအုတ်မြစ်များတွင် ခိုင်မာစွာ အမြစ်တွယ်နေစေရန်) တရားသေဆန်ပြီး ကြိုတင်သတ်မှတ်ချက်များ ပြုလုပ်ထားသည့် ဥပဒေရေးရာမူဘောင်တစ်ခုသည် နည်းပညာဆိုင်ရာဖွံ့ဖြိုးမှုအား တွန်းအားပေး၍ ပုံဖော်ခြင်းမပြုလုပ်သင့်ပါ။ ထိုနည်းတူစွာပင် နည်းပညာကလည်း ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို တွန်းအားပေးခြင်းမျိုး မပြုသင့်ပါ။ ရွေးကောက်ပွဲဆိုင်ရာနှင့် ဒီမိုကရေစီဆိုင်ရာမူများသည် မည်သည့်အခါမှ ပျက်စီးခြင်း (သို့မဟုတ်) အားနည်းသွားခြင်း မဖြစ်သင့်ဟူသည်ကို စိတ်ထဲတွင် မှတ်သား၍ နှစ်မျိုးစလုံး၏ ဟန်ချက်ညီသည့် ထိန်းညှိချက်များ ပေါ်ထွန်းလာရန် လိုအပ်ပါသည်။ အားကောင်းပြီး ပါတီစုံပါဝင်သည့် ဘုံသဘောတူညီချက်မျိုး လုပ်ငန်းစဉ်အပေါ်တွင် မရရှိပါက ထိုသို့သော ချဉ်းကပ်မှုသည် အောင်မြင်နိုင်လိမ့်မည် မဟုတ်ပေ။

**အချိန်နှင့် အဆင့်အလိုက်အကောင်အထည်ဖော်ခြင်း**

လက်တွေ့ဆောင်ရွက်ရာတွင် လုပ်ငန်းအားလုံး၏ တူညီသောသွင်ပြင်လက္ခဏာတစ်ရက်မှာ အချိန်ယူ လုပ်ဆောင်ရခြင်းပင် ဖြစ်သည်။

- လိုအပ်ချက်များကို ဖော်ထုတ်ရန်၊ အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အသေးစိတ်သတ်မှတ်ရန်အချိန်။
- EMB အတွင်း စွမ်းဆောင်ရည်မြှင့်တင်ရန်အချိန်။
- အပေးအယူများကို နားလည်ရန်နှင့် အကဲဖြတ်ရန်အချိန်။
- ဥပဒေရေးရာမူဘောင်ကို အဆင့်မြှင့်တင်ရန်အချိန်။
- နည်းပညာကို ဝယ်ယူရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အချိန်။
- နိုင်ငံသားများကို ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်အချိန်။

အထက်ပါလုပ်ဆောင်ချက်အားလုံးအတွက် ရွေးကောက်ပွဲစက်ဝန်းအတော်များများကြာမြင့်နိုင်သည်ဟု ခန့်မှန်းထားနိုင်ပြီး အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သည့် ချဉ်းကပ်မှုပုံစံတစ်ရပ်လိုအပ်ပါသည်။

ယင်းကဲ့သို့သောအဆင့်အလိုက်ချဉ်းကပ်မှုအား ကျင့်သုံးရန်ဖြစ်နိုင်ခြေရှိ/မရှိ လေ့လာဆန်းစစ်မှုနှင့် အခြား အမျိုးမျိုးသော ရွေးချယ်စရာများကို စမ်းသပ်မှုဖြင့် စတင်သင့်ပါသည်။ ထို့နောက်တွင်တော့ ရွေးကောက်ပွဲ အတုပုံစံဖြင့် (သို့မဟုတ်) ဒေသန္တရအဆင့် (သို့မဟုတ်) ပြည်နယ်အဆင့် ရေ့ပြေး စမ်းသပ်မှုများ ပြုလုပ်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများအား တဖြည်းဖြည်းဖြင့် တစ်နိုင်ငံလုံးသို့ တိုးချဲ့သွားသင့်ပါသည်။

အဆင့်အလိုက်ချဉ်းကပ်မှုနည်းလမ်းသည် လက်တွေ့အတွေ့အကြုံများအပေါ် အခြေပြုထားသည့် နည်းပညာပိုင်းရင့်ကျက်သော စနစ်တစ်ရပ်တည်ဆောက်ရန် အချိန်ပေးရုံသာမက နိုင်ငံသားများနှင့် ကဏ္ဍစုံမှပါဝင် ပတ်သက်သူများအတွက်လည်း ဤနည်းပညာသစ်ဖြင့် အကျွမ်းတဝင်ဖြစ်စေမည့် အချိန်ကိုလည်း ပေးပါသည်။

ယုံကြည်စိတ်ချရသောစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အချိန်ယူရသည်ဆိုသည့်တိုင် နည်းပညာသည် အကောင်အထည်ဖော်လိုက်သည်နှင့် အချိန်နှင့်အမျှခေတ်နောက်ကျလာပါသည်။ အချိန်ပိုင်းအလိုက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်မှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ သို့မှသာ စနစ်သည် ခေတ်မီနေပြီး ယုံကြည်စိတ်ချရနိုင်ပါသည်။

# အကြံပြု ထောက်ခံချက်များ

**၁။ ဦးတည်ချက်များကို ရှင်းလင်းစွာ အဓိပ္ပယ်ဖွင့်ဆိုပါ။**
အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို မိတ်ဆက်ကျင့်သုံးရခြင်းအတွက် အကြောင်းတရားကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုသင့်ပါသည်။ ရှင်းလင်းသည့်ဦးတည်ချက်များသည် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်၏ ကောင်းကျိုးများကို အခြားသောစနစ်များသာမက လက်ရှိ (သို့မဟုတ်) တိုးတက်လာသည့် စာရွက်ဖြင့်မဲပေးသည့်စနစ်နှင့်ယှဉ်၍ တန်ဖိုးဖြတ်ရန် လွယ်ကူအောင်လုပ်ဆောင်ပေးပါသည်။

**၂။ စိန်ခေါ်မှုများကို သတိပြုပါ။**
အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းဆိုသည်မှာ တိုးတက်အောင်ပြုလုပ်နေရဆဲအဆင့်တွင်သာ ရှိသေးပါသည်။ လက်ရှိတွင် တည်ရှိနေသည့်စနစ်တိုင်းသည် ပြီးပြည့်စုံနေသည်မဟုတ်သည့် အပြင် ပြီးပြည့်စုံသော အီလက်ထရောနစ်မဲပေးခြင်းပုံစံဆိုသည်မှာ မည်သည်နှင့် တူသနည်းဆိုသည်ကို သဘောတူထားခြင်းလည်း မရှိသေးပါ။ နိုင်ငံတစ်နိုင်ငံသည် လိုအပ်ချက်များ၊ အရေးပေါ်ဖြစ်မှု၊ ကုန်ကျစရိတ်များနှင့် အချိန်စသည့် ပြည်တွင်းအခြေအနေနှင့် အကိုက်ညီဆုံးအကောင်အထည်ဖော်နိုင်မည့် စနစ်ကို ဆုံးဖြတ်ကျင့်သုံးရန်ဖြစ်သည်။

**၃။ ပြီးခဲ့သည့် အတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံတို့မှလေ့လာပါ။**
လက်ရှိတည်ရှိနေသည့်စနစ်အမျိုးအစားများနှင့်နိုင်ငံတကာမှအသုံးပြုခဲ့ပြီးသောစနစ်အမျိုးအစားများကို လေ့လာခြင်းဖြင့် မထင်မှတ်ဘဲကျရောက်နိုင်သည့် ဘေးအန္တရာယ်များစွာကို ရှောင်ရှားနိုင်ပါသည်။ နိုင်ငံတကာအတွေ့အကြုံများကို လက်တွေ့ဆောင်ရွက်ရာတွင် အသုံးပြုပါ။ ဘာကိုမှမလေ့လာပဲ စတင်လုပ်ဆောင်ခြင်းများကို ရှောင်ပါ။

**၄။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည်သာ အသင့်တော်ဆုံးသော စနစ်ဖြစ်သည်ဆိုသည်ကို သေချာပါစေ။**
အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများထဲမှရွေးချယ်စရာတစ်ခုသာဖြစ်ပါသည်။ သင့်အနေဖြင့် အခြားသော ဖြေရှင်းနည်းများကို အကဲဖြတ်လေ့လာပြီးဖြစ်ကြောင်းနှင့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းသည်သာ အကောင်းဆုံးစနစ် ဖြစ်ကြောင်း သေချာပါစေ။

**၅။ အဓိကကျသည့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ ပါဝင်လာပါစေ။**
အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကိုမိတ်ဆက်ရာ၌ ကောင်းကျိုးဆိုးကျိုးများကို ထိန်းညှိရသောကြောင့် နိုင်ငံရေးပါတီများအပါအဝင် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများအကြား ဤနည်းပညာသည် အလုံးစုံခြုံကြည့်လျှင် အကျိုးကျေးဇူးများရှိသည်ဟူသော သဘောတူညီချက်ရှိ ကြောင်းသေချာပါစေ။ စနစ်အား ထင်ထင်ရှားရှားဆန့်ကျင်သူများသည် စနစ်အပေါ် ကန့်ကွက်မှုများနှင့် အားနည်းချက်များကို ပြောဆို လာနိုင်ကြောင်း၊ စနစ်နှင့် ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးအပေါ် မယုံကြည်စေမှုများ ဖန်တီးလာနိုင်ကြောင်း သတိရှိပါစေ။ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို စစ်မှန်သည့် အတိုက်အခံများ ကင်းမဲ့နေသည့်အခါတွင်ပင် နိုင်ငံရေးဆိုင်ရာအကြောင်းခြင်းရာများကြောင့် စနစ်အပေါ်တွင် အငြင်းအခုန်ဖြစ်နိုင်ပါသည်။

**၆။ စနစ်အပေါ်တွင် ပွင့်လင်းမြင်သာသောစာရင်းစစ်မှုနှင့် စစ်ဆေးပြီးအသိအမှတ်ပြုလွှာရရှိအောင် ဆောင်ရွက်ပါ။**

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များကို လွတ်လပ်သည့်အဖွဲ့အစည်းတို့မှ စစ်ဆေးပြီး အသိအမှတ်ပြုလွှာထုတ်ပေးသင့်ပါသည်။ စာရင်းစစ်မှုများကို လုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်သင့်ပြီး ထွက်ပေါ်လာသည့် ရလဒ်များကို အတည်ပြုမှုများ လွတ်လပ်စွာလုပ်ဆောင်နိုင်ရန် ခွင့်ပြုထားသင့်ပါသည်။ စစ်ဆေးပြီးအသိအမှတ်ပြုလွှာနှင့် စာရင်းစစ်မှုများသည် ယုံကြည်မှု တည်ဆောက်ခြင်း စံနှုန်းများအတွက် အရေးကြီးပြီး ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။ ကဏ္ဍစုံမှ ပါဝင်ပတ်သက်နေသူများအား ဆက်စပ်နေသော လုပ်ထုံးလုပ်နည်းများနှင့် မှတ်တမ်းများကို ကြည့်ရှု ခွင့်ပြုထားသင့်ပါသည်။

**၇။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် လုံလောက်သည့်အချိန်ကို ခွင့်ပြုပါ။**

များသောအားဖြင့် တင်ဒါရွေးချယ်အပ်နှင်းပြီးနောက် အနည်းဆုံး တစ်နှစ်ခန့်ကြာမြင့်မှ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်တို့ကို နည်းပညာအရအကောင်အထည်ဖော် ဆောင်ရွက်ခြင်း စတင်လေ့ရှိတတ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အချိန်မပေးနိုင်ပါက အရည်အသွေး၊ ယုံကြည်စိတ်ချရမှု နှင့် ပွင့်လင်းမြင်သာရှိမှုတို့အပေါ် အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။ ဤကိစ္စသည် ညှိနှိုင်း၍ထွက်ပေါ်လာသော အသွင်ကူးပြောင်းမှုများအတွက် အထူး ဆီလျော်သည်။ ထိုအခြေအနေမျိုးတွင် နိုင်ငံရေးအရဆွေးနွေးမှုသည် ရှိသည့်အချိန်အားလုံးကို သုံးပစ်လိုက်သောကြောင့် ပထမဦးဆုံးအသွင် ကူးပြောင်းရေးရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးရချိန်တွင် နည်းပညာအရ အလျင်အမြန်ပြုလုပ်ရမှုမှာ ရှောင်လွှဲ၍မရနိုင်ပေ။ ထိုသို့သော အခြေအနေမျိုးတွင် အီလက်ထရောနစ် နည်းဖြင့်မဲပေးခြင်းစနစ်အား ကျင့်သုံးရန်မသင့်လျော်ပေ။ အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းကို လူမှုရေးအရလက်ခံလာရန်မှာ ရွေးကောက်ပွဲစက်ဝန်းများစွာ ကြာမြင့်တတ်ပြီး အကောင်းဆုံး လုပ်ဆောင်မှုမှာ ရှေ့ပြေးပရောဂျက်များကို တဖြည်းဖြည်းတိုးချဲ့လာသည့်နည်း ဖြစ်သည်။

**၈။ သင်တန်းပေးခြင်း၊ ပရော်ဖက်ရှင်နယ်ဆန်မှုဖွံ့ဖြိုးလာခြင်းနှင့် အများပြည်သူနှင့် မဲဆန္ဒရှင်ပညာပေးခြင်း တို့ အတွက် အစီအစဉ်ရေးဆွဲပါ။**

ကောင်းစွာလေ့ကျင့်ထားသည့်ဝန်ထမ်းများသည် ရွေးကောက်ပွဲကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် သာမက EMB အနေဖြင့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်အပေါ် အလုံးစုံလွှမ်းမိုးမှု ရရှိနိုင်ရန် အတွက်လည်း အရေးကြီးလှပါသည်။ သို့မှသာ နည်းပညာကို အပြည့်အဝပိုင်ဆိုင်နိုင်လိမ့်မည်ဖြစ်သည်။ သတင်းအချက်အလက်ကောင်းစွာရရှိထားသည့် မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့တွင် အီလက်ထရောနစ် နည်းဖြင့် မဲပေးခြင်းကို ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ စနစ်အား မည်သည့်အတွက်ကြောင့် မိတ်ဆက်ပေးကျင့်သုံးရပုံ၊ မည်သည့်အကျိုးကျေးဇူးများဆောင်ယူလာပုံနှင့် ရွေးကောက်ပွဲ၏ဂုဏ်သိက္ခာကို ပံ့ပိုးနိုင်ရန်အတွက် အမျိုးမျိုးသော လုံခြုံရေးစံနှုန်းများကို မည်ကဲ့သို့တည်ဆောက်ထားပုံတို့ကို မဲဆန္ဒရှင်များအနေဖြင့် နားလည်ပါလျှင် စနစ်သစ်ကိုယုံကြည်ရန်လည်း ပိုမိုလွယ်ကူလာစေပါသည်။

**၉။ ပြဿနာများဖြစ်ပေါ်လာသောအခါ ပွင့်လင်းမြင်သာစွာဆက်လက်လုပ်ဆောင်ပါ။ သို့သော် မိမိလမ်းကြောင်းအတိုင်းဆက်လက်ဆောင်ရွက်ပါ။**

ပြဿနာများဖြစ်ပေါ်လာသောအခါ အလွန်အကျံုကာကွယ်သည့် သဘောထားသည် ပြောင်းပြန်ရလဒ်ထွက်ပေါ်တတ်ပြီး ကောလာဟလများနှင့် စွပ်စွဲချက်များကို လောင်စာထည့်ပေးသကဲ့သို့ဖြစ်၍ ပိုမိုချဲ့ကားပြောဆိုလာကြမည်ဖြစ်သည်။ ထိုအခါ အမှန်တကယ်တွေ့ကြုံနေရသည့် အခက်အခဲများထက် ပို၍ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် နိုင်ပါသည်။

စီမံကိန်းကို ခိုင်မာသောအုတ်မြစ်ပေါ်တွင် ကောင်းစွာစီမံထားပါက ပွင့်လင်းမြင်သာမှု အပြည့်အဝဆက်လက်ထားရှိ၍ မိမိလမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးမဟာဗျူဟာဖြစ်သည်။

**၁၀။ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်စဉ်းစားပါ။ ယနေ့တစ်ခုတည်းအတွက်သာမဟုတ်ဘဲ အနာဂတ်အတွက်ပါ စီစဉ်ပါ။**

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို မိတ်ဆက်ကျင့်သုံးမှုကုန်ကျစရိတ်သည် အလွန်မြင့်မား နိုင်ပါသည်။ သို့သော် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်များ လုံခြုံစိတ်ချရ၍ ယုံကြည်အားထားနိုင်စေရန်မှာမူ စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်မှုများ၊ အဆင့်မြှင့်တင်မှုများ၊ ပြန်လည်အစားထိုးမှုများနှင့် လိုအပ်ချက်အသစ်များနှင့်အညီ ညှိနှိုင်းပြင်ဆင်မှုများ လိုအပ်ပါသည်။

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း၏ ကုန်ကျစရိတ်များကို စဉ်းစားသောအခါ ဝယ်ယူသည့်တစ်ကြိမ်တစ်ခါ အတွက် ကုန်ကျစရိတ်များကိုသာမဟုတ်ဘဲ အချိန်နှင့်အမျှဖြစ်ပေါ်လာနေသော ပိုင်ဆိုင်မှုဆိုင်ရာစုစုပေါင်း ကုန်ကျစရိတ်များကို စဉ်းစားရန်လည်း အရေးကြီးပါသည်။

**၁၁။ ယုံကြည်မှုကို တည်ဆောက်ရာတွင် နှစ်နှင့်ချီကြာမြင့်နိုင်ပြီး တစ်ရက်အတွင်း ဆုံးရှုံးသွားနိုင်ကြောင်း သတိရှိပါ။**

အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းကို လူမှုရေးအရလက်ခံရန်အတွက် အချိန်ကြာရှည်စွာတည်ဆောက် နိုင်ရချိန်တွင် နည်းပညာဆိုင်ရာပြဿနာ (သို့မဟုတ်) နိုင်ငံရေးအရ သဘောမတူညီမှုတို့ဖြစ်ပေါ်လာလျှင် ယုံကြည်မှုဆုံးရှုံးခြင်းသည် လျှင်မြန်စွာဖြစ်ပေါ်လာတတ်ပါသည်။ ဆိုးရွားစွာအကောင်အထည်ဖော်ထားသည့် (သို့မဟုတ်) မအောင်မြင်သည့် အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်သည် ဤနည်းပညာ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှစ်ပေါင်းများစွာကြာမြင့်သည်အထိ ရပ်တန့်လိုက်နိုင်ပါသည်။

# နောက်ဆက်တွဲ (က)

## အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း အားသာချက်များနှင့် အားနည်းချက်များ - ဇယားဖြင့်ပြခြင်း

အောက်ဖော်ပြပါဇယားသည် စာရွက်ကို အခြေပြုမဲပေးသောစနစ်နှင့် နှိုင်းယှဉ်လိုက်သောအခါ အမျိုးမျိုးသော အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်တို့တွင်ရှိနေသည့် အားသာချက်များနှင့် အားနည်းချက်များပုံစံကို ခြုံငုံကြည့်ရှုနိုင်ရန် ဖော်ပြထားပါသည် (အင်တာနက်ဖြင့်မဲပေးခြင်းနှင့် စာတိုက်မှမဲပေးခြင်း။ မဲပေးသည့်စက်နှင့် ထိန်းချုပ်ထားသည့်ပတ်ဝန်းကျင်တွင် စာရွက်ဖြင့်မဲပေးခြင်း)။ အားသာချက်နှင့် အားနည်းချက်ဟူ၍ အမျိုးအစားခွဲခြားလိုက်ခြင်းသည် အကြမ်းဖျင်းခြုံငုံကြည့်နိုင်ရန် ရည်ရွယ်ချက်အတွက်သာဖြစ်သည်။ အသေးစိတ်မှာမူ သီးသန့်အကြောင်းအရာနှင့် စနစ်များ အပေါ်မူတည်၍ ကွဲပြားသွားပါသည်။ ယင်းအသေးစိတ်မှုတို့အလွန်အရေးကြီးသည့်ဖြစ်ရပ်များ တွင် "အရော" ဟူ၍အမျိုးအစားခွဲပြထားပြီး အီလက်ထရောနစ်ဖြင့်မဲပေးခြင်း၏ အကျိုးသက်ရောက်မှု နည်းပါးခြင်း (သို့မဟုတ်) မရှိသည့်ဖြစ်ရပ်တို့တွင် "ကြားနေ"ဟူ၍ ဖော်ပြထားသည်။

| စာရွက်ဖြင့်မဲပေးခြင်းနှင့် နှိုင်းယှဉ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ | အင်တာနက် ဖြင့် မဲပေးခြင်း | VVPAT မပါသည့် DRE | VVPAT ပါသည့် DRE | PCOS | အီလက် ထရောနစ် မဲပြား ထုတ်ပေးသည့် printer များ |
|---|---|---|---|---|---|
| ပို၍မြန်သောရေတွက်မှုနှင့် ဇယားရေးသွင်းနိုင်မှု | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် |
| ပို၍တိကျသည့်ရလဒ်များ | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် |
| ရှုပ်ထွေးသည့်ရွေးကောက်ပွဲ စနစ်များကို စီမံခန့်ခွဲမှု | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် |
| ရှုပ်ထွေးသည့်မဲပြားစာရွက်များ ကိုတင်ပြပုံတိုးတက်လာမှု။ | အရော | အရော | အရော | အားနည်းချက် | အရော |
| မဲဆန္ဒရှင်များပို၍ အဆင်ပြေချောမွေ့မှု ရှိလာခြင်း။ | အားသာချက် | အရော | အရော | အားနည်းချက် | အရော |
| ပူးပေါင်းပါဝင်မှုနှင့် မဲပေးသူ တိုးလာခြင်း။ | အားသာချက် | ကြားနေ | ကြားနေ | ကြားနေ | ကြားနေ |
| ရွှေ့လျားနေသည့်လူ့အဖွဲ့ အစည်း၏ လိုအပ်ချက်များကို ကိုင်တွယ်ခြင်း။ | အားသာချက် | အရော | အရော | ကြားနေ | အရော |
| ကုန်ကျစရိတ်သက်သာခြင်း | အရော | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |
| မဲရုံများတွင် လိမ်လည်မှုကို ကာကွယ်တားဆီးခြင်း။ | ကြားနေ | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် |
| ပို၍လက်လှမ်းမီလာကြခြင်း။ | အရော | အရော | အရော | အားနည်းချက် | အရော |
| ဘာသာစကားမျိုးစုံဖြင့်ပံ့ပိုးမှု။ | အားသာချက် | အားသာချက် | အားသာချက် | အားနည်းချက် | အားသာချက် |
| မဲပြားစာရွက်များပျက်စီးခြင်းမှ ရှောင်ကျဉ်နိုင်မှု။ | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် | အားသာချက် |
| ပြုပြင်ပြောင်းလဲလွယ်ရှိခြင်းနှင့် သတ်မှတ်ရက်များနှင့် အဆင်ပြေခြင်း။ | အားသာချက် | အားသာချက် | အားသာချက် | အားနည်းချက် | အားသာချက် |
| မိသားစုဖိအားကြောင့် တစ်စုံတစ်ဦးအားမဲပေးခြင်းကို ကြိုတင်ကာကွယ်ခြင်း။ | အားသာချက် | ကြားနေ | ကြားနေ | ကြားနေ | ကြားနေ |
| ပွင့်လင်းမြင်သာမှုမရှိခြင်း။ | အားနည်းချက် | အားနည်းချက် | အရော | အရော | အရော |

| | | | | | |
|---|---|---|---|---|---|
| မဲပေးခြင်းနည်းပညာကို ကျွမ်းကျင်ပညာရှင်များသာ ပြည့်ဝစွာနားလည်နိုင်ခြင်း။ | အားနည်းချက် | အားနည်းချက် | အရော | အရော | အရော |
| ဆန္ဒမဲ၏လျှို့ဝှက်မှု | အားနည်းချက် | အရော | အရော | အရော | အရော |
| ပြင်ပမှလူများ၏ ကြိုးကိုင်လှည့်စားမှု အန္တရာယ်။ | အားနည်းချက် | အရော | အရော | အရော | အရော |
| အတွင်းလူများ၏ ကြိုးကိုင်လှည့်စားမှုအန္တရာယ်။ | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |
| မိတ်ဆက်ခြင်းကျင့်သုံးခြင်းနှင့် ထိန်းသိမ်းခြင်းကုန်ကျ စရိတ်များ။ | အားသာချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |
| အခြေခံအဆောက်အဦး/ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ။ | အရော | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |
| အီလက်ထရောနစ်မဲပေးစနစ် ၏ စံနှုန်းများမရှိခြင်း။ | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |
| အဓိပ္ပါယ်ရှိသောပြန်လည်ရေတွက်မှု | အားနည်းချက် | အားနည်းချက် | အားသာချက် | အားသာချက် | အားသာချက် |
| ရောင်းချသူအပေါ် မှီခိုအား ထားရခြင်း။ | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |
| အိုင်တီလုံခြုံမှုလိုအပ်ချက်များ တိုးလာခြင်း။ | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် | အားနည်းချက် |

# နောက်ဆက်တွဲ (ခ)

## အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း၏ကုန်ကျစရိတ်များ - အချို့သောဥပမာများ

အောက်ပါတို့မှာ အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းစနစ်တို့၏ကုန်ကျစရိတ်ဆိုင်ရာ ဥပမာအချို့ပင်ဖြစ်သည်။ နိုင်ငံများကြားတွင် အလွန်ကွဲပြားခြားနားစွာဖြင့် တွက်ချက်ထားခြင်းများဖြစ်ကြောင်းမှတ်ယူပါ။ ထို့အပြင်နည်းပညာရွေးချယ်မှုနှင့် အခြေအနေ (မဲဆန္ဒရှင်အရေအတွက်၊ ရွေးကောက်ပွဲအရေအတွက်) တို့သည် မဲဆန္ဒရှင်တစ်ဦးချင်း ကုန်ကျစရိတ်ပေါ်တွင် ကြီးမားသည့်သက်ရောက်မှုရှိပါသည်။ ယင်းမှာ စတင်မိတ်ဆက်ကျင့်သုံးခြင်းအတွက်သာ တွက်ချက်ထားသည့် အရင်းအနှီးကုန်ကျစရိတ်ဖြစ်ကြောင်းလည်းမှတ်သားပါ။ ထိန်းသိမ်းမှုကုန်ကျစရိတ်နှင့် ဈေးနှုန်းလျော့ကျခြင်းတို့အတွက် ထပ်ဆောင်း ကုန်ကျစရိတ်အနေဖြင့် စဉ်းစားထားရန်လိုအပ်ပါသည်။

### ဩစတြီးယားနိုင်ငံ (အင်တာနက်ဖြင့်မဲပေးခြင်း၊ ကျောင်းသားကောင်စီရွေးကောက်ပွဲများ)

မှတ်ပုံတင်ထားသူတစ်ဦးလျှင် ၃.၈ ယူရို (၄၀၃ ယူရို/ မဲဆန္ဒရှင်တစ်ဦး)

မှတ်ပုံတင်ထားသူ ၂၃၀,၀၀၀ အတွက် ယူရို (၈၇၀,၀၀၀) ၊ မဲဆန္ဒရှင် ၂၁၆၁ ဦး [5]

### ဘရာဇီးနိုင်ငံ (မဲပေးသည့်စက်)

မဲဆန္ဒရှင်တစ်ဦးလျှင် ၃-၅ အမေရိကန်ဒေါ်လာ (USD)
မူလကုန်ကျစရိတ် (၁) ဘီလီယံဒေါ်လာနှင့် မဲဆန္ဒရှင် သန်း(၁၀၀)အတွက် ရွေးကောက်ပွဲတစ်ခုလျှင် ကုန်ကျစ ရိတ် အမေရိကန်ဒေါ်လာ (၅၀၀) မီလီယံ။ [6] အချိန်ကြာလာသည်နှင့် ကုန်ကျစရိတ်တို့သည် မဲဆန္ဒရှင်တစ်ဦးလျှင် (၃) ဒေါ်လာသို့ကျဆင်းလာခဲ့သည်။[7]

### အက်စတိုးနီးယားနိုင်ငံ (အင်တာနက်ဖြင့်မဲပေးခြင်း)

မဲဆန္ဒရှင်တစ်ဦးလျှင် ၁-၅ ဒေါ်လာ (သို့) မှတ်ပုံတင်ထားသူတစ်ဦးလျှင် ၀.၁ - ၀.၅ ယူရို

စနစ်ကိုတည်ဆောက်ခြင်းအတွက် (မဲဆန္ဒရှင်စစ်မှန်ကြောင်းအထောက်အထားပြခြင်းစနစ်မပါ) ယူရို (၅၀၀,၀၀၀) ၊ မဲဆန္ဒရှင် (၁၀၀,၀၀၀) (သို့မဟုတ်) မှတ်ပုံတင်ထားသူ ၁ သန်းအတွက် ကုန်ကျစရိတ် ယူရို (၁၀၀,၀၀၀) ဝန်းကျင်။

### အိန္ဒိယ (မဲပေးသည့်စက်)

မဲဆန္ဒရှင်တစ်ဦးလျှင် ၀.၆ ဒေါ်လာ။

မဲဆန္ဒရှင် (၃၈၀၀) အသုံးပြုနိုင်သောစက်တစ်လုံးအတွက် ဒေါ်လာ (၃၀၀) ဝန်းကျင်။ မဲဆန္ဒရှင် သန်း (၇၀၀) အတွက် စက်အရေအတွက် (၁.၄) သန်းကို ဝယ်ယူခဲ့ပြီးဖြစ်သည်။[8]

[5] <http://www.parlament.gv.at/PAKT/VHG/XXIV/AB/AB_02562/fnameorig_166607.html> တွင်ကြည့်ပါ။

[6] <http://www.observatorioelectoral.org/biblioteca/?bookID=26&page=8> တွင်ကြည့်ပါ။

[7] The Brazilian Superior Elections Tribunal မှ ရရှိသည့် သတင်းအချက်အလက်များ

[8] <http://eci.nic.in/eci_main/faq/evm.asp> တွင်ကြည့်ပါ။

**အိုင်ယာလန်နိုင်ငံ (မဲပေးသည့်စက်)**

21 EUR/voter

မဲဆန္ဒရှင်တစ်ဦးလျှင် ၂၁ ယူရို။

မဲဆန္ဒရှင် (၂.၅) သန်းအသုံးပြုနိုင်သည့်စနစ်အတွက် ယူရို (၅၃) သန်းကို အသုံးပြုထားပြီး နှစ်စဉ်သိုလှောင်မှု ကုန်ကျစရိတ်များအဖြစ် ယူရို (၈၀၀,၀၀၀) ကိုထပ်မံကုန်ကျရသည်။.[9]

**ဖိလစ်ပိုင်နိုင်ငံ (မဲပေးသည့်စက်)**

မဲဆန္ဒရှင်တစ်ဦးလျှင် ၃ ဒေါ်လာ။

မဲဆန္ဒရှင် သန်း (၅၀) အတွက် ယူရိုသန်း (၁၂၀) (၂၀၁၀ခုနှစ်).[10]

**ဆွစ်ဇာလန်နိုင်ငံ (အင်တာနက်ဖြင့်မဲပေးခြင်း)**

မဲဆန္ဒရှင်တစ်ဦးလျှင် ၀.၃ ယူရို (တစ်နှစ်လျှင် ရွေးကောက်ပွဲသုံးကြိမ်ဟုယူဆ၍)။

မဲဆန္ဒရှင် (၁)သန်းအတွက် ၁၀နှစ်အတွင်းကုန်ကျစရိတ် ယူရို (၁၀) သန်း (ခန့်မှန်းချက်).[11]

**အမေရိကန်နိုင်ငံ (မဲပေးသည့်စက်)**

မဲဆန္ဒရှင်တစ်ဦးလျှင် ၃ ဒေါ်လာ၊ ဥပမာအားဖြင့် မယ်ရီလန်ပြည်နယ်။ [12]

**ဗီနီဇွဲလားနိုင်ငံ (မဲပေးသည့်စက်)**

မဲဆန္ဒရှင်တစ်ဦးလျှင် ၄ ဒေါ်လာ

ရွေးကောက်ပွဲ (၃) ခုနှင့် မဲဆန္ဒရှင် (၁၀)သန်းတို့အတွက် အမေရိကန်ဒေါ်လာသန်း (၁၂၀)။

---

[9] <http://evoting.cs.may.ie/Documents/CostofElectronicvotingAsOfMay.pdf> တွင်ကြည့်ပါ။

[10] <http://www.comelec.gov.ph/modernization/2010_natl_local/SBAC/winning_bidder/notice_of_award.html> တွင်ကြည့်ပါ။

[11] <http://www.e-voting.cc/static/evoting/files/Swiss_Experiences.pdf> တွင်ကြည့်ပါ။

[12] <http://www.saveourvotes.org/legislation/packet/08-costs-mdvotingsystem.pdf> တွင်ကြည့်ပါ။

# မှီငြမ်းကိုးကားချက်နှင့် နောက်ဆက်တွဲဖတ်ရမည့်စာအုပ်များ


**အကြံပြုချက်များနှင့် လမ်းညွှန်ချက်များ**

Caarls, Susanne, 'E-voting Handbook: Key Steps for Introducing E-voting', Council of Europe, 2010, available at <http://www.coe.int/t/dgap/democracy/activities/ggis/E-voting/E-voting%202010/Biennial_Nov_meeting/ID10322%20GBR%206948%20Evoting%20handbook%20A5%20HD.pdf>

Council of Europe, 'Certification of E-Voting Systems', 2011, available at <http://www.coe.int/t/dgap/democracy/Activities/GGIS/E-voting/E-voting%202010/Biennial_Nov_meeting/Guidelines_certification_EN.pdf>

Council of Europe, 'Guidelines on Transparency of E-enabled Elections', 2011, available at <http://www.coe.int/t/dgap/democracy/activities/ggis/e-voting/E-voting%202010/Biennial_Nov_meeting/Guidelines_transparency_EN.pdf>

Council of Europe, 'Legal, Operational and Technical Standards for E-Voting', 2004, available at <http://www.coe.int/t/dgap/democracy/activities/key-texts/recommendations/Rec(2004)11_Eng_Evoting_and_Expl_Memo_en.pdf>

Goldsmith, Ben, 'Electronic Voting & Counting Technologies: A Guide to Conducting Feasibility Studies', International Foundation for Electoral Systems, 2011, available at <http://www.ifes.org/Content/Publications/Books/2011/~/media/Files/Publications/Books/2011/Electronic_Voting_and_Counting_Tech_Goldsmith.pdf>

Norden, Lawrence D. and Lazarus, Eric, 'The Machinery of Democracy: Protecting Elections in an Electronic World', Brennan Center for Justice, 2007, available at <http://www.brennancenter.org/content/resource/the_machinery_of_democracy_protecting_elections_in_an_electronic_world/>

Norwegian Ministry of Local Government and Regional Development, 'Electronic Voting: Challenges and Opportunities', 2006

US Election Assistance Commission, 'Voluntary Voting System Guidelines', 2005, available at <http://www.eac.gov/testing_and_certification/voluntary_voting_system_guidelines.aspx>

**အီလက်ထရောနစ်မဲပေးခြင်းများကို စောင့်ကြည့်ခြင်း**

Carter Center, 'Developing a Methodology for Observing Electronic Voting', 2007, available at <http://www.cartercenter.org/documents/elec_voting_oct11_07.pdf>

Organization of American States, 'Observing the Use of Electoral Technologies', 2010, available at <http://www.oas.org/es/sap/docs/Technology%20English-FINAL-4-27-10.pdf>

Organization for Security and Co-operation in Europe, Office for Democratic Institutions and Human Rights, 'In Preparation of Guidelines for the Observation of Electronic Voting', October 2008, available at <http://www.osce.org/odihr/elections/34725>

Pran, Vladimir and Merloe, Patrick, 'Monitoring Electronic Technologies in Electoral Processes', National Democratic Institute, 2007, available at <http://www.ndi.org/files/2267_elections_manuals_monitoringtech_0.pdf>

Vollan, Kåre, 'Observing Electronic Voting', Norwegian Centre for Human Rights, 2005, available at <http://www.jus.uio.no/smr/english/about/programmes/nordem/publications/nordem-report/2005/1505.pdf

Voting from Abroad: The International IDEA Handbook on External Voting (Stockholm: International IDEA, 2007), Chapter 9, ‘Observation of External Voting’, available at <http://www.idea.int/publications/voting_from_abroad/upload/chap9.pdf>

**ယုံကြည်မှုနှင့် ယုံကြည်စိတ်ချရမှု**

International IDEA, Electoral Management Design: The International IDEA Handbook (Stockholm: International IDEA, 2006), available at <http://www.idea.int/publications/emd >

McGaley, M. and Gibson, J.P., ‘Electronic Voting: A Safety Critical System’, National University of Ireland, Maynooth, 2003

Oostveen, A.-M. and van den Besselaar, P., ‘Security as Belief: User’s Perceptions on the Security of Electronic Voting Systems’ , Royal Netherlands Academy of Arts and Sciences, available at <http://subs.emis.de/LNI/Proceedings/Proceedings47/Proceeding.GI.47-8.pdf>

**အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်းနှင့် မဲပေးသူဦးရေ၊ နိုင်ငံရပ်ခြားမှ မဲပေးသူများ**

International IDEA, Voting from Abroad: The International IDEA Handbook on External Voting (Stockholm: International IDEA, 2007), Chapter 10, ‘E-voting and External Voting’, available at <http://www.idea.int/publications/voting_from_abroad/upload/chap10.pdf>

Trechsel, Alexander and Vassil, Kristjan, ‘Internet Voting in Estonia: A Comparative Analysis of Four Elections since 2005’, European University Institute, 2010, available at <http://www.vvk.ee/public/dok/Report_-_E-voting_in_Estonia_2005-2009.pdf>

Vassil, Kristjan and Weber, Till, ‘A Bottleneck of E-Voting: Why Technology Fails to Boost Turnout’, European University Institute, 2009

**အစအဆုံးစာရင်းစစ်နိုင်သော စနစ်များ**

Jones, Douglas W., ‘Some Problems with End-to-End Voting’, University of Iowa, 2009, available at <http://www.cs.uiowa.edu/~jones/voting/E2E2009.pdf>

Prêt à Voter, <http://www.pretavoter.com>

Scantegrity, <http://www.scantegrity.org>

**အရင်းအမြစ်များကို ဖွင့်ထားသော အီလက်ထရောနစ်မဲပေးခြင်း**

Open Voting Consortium, <http://www.openvotingconsortium.org>

US Open Source Digital Voting Foundation, <http://www.osdv.org>

**ICT ပစ္စည်းဝယ်ယူခြင်း၊ အစားထိုးသံသရာ၊ ပိုင်ဆိုင်မှုအတွက် ကုန်ကျစရိတ်များ**

‘The Cost of E-Voting’, Wired Magazine (2008), available at <http://www.wired.com/threatlevel/2008/04/the-cost-of-e-v>

Joint Taskforce on Electoral Assistance, ‘Procurement Aspects of Introducing ICTs Solutions in Electoral Processes’, 2010, available at <http://www.ec-undp-electoralassistance.org/images/operational%20paper.pdf>

Yard, Michael, ‘Direct Democracy: Progress and Pitfalls of Election Technology’, International Foundation for Electoral System, 2010, available at <http://www.ifes.org/Content/Publications/Books/2010/Direct-Democracy-Progress-and-Pitfalls-of-Election-Technology.aspx>

# အတိုကောက်စကားလုံးများ

| | |
|---|---|
| DRE | direct recording electronic voting (systems)<br>တိုက်ရိုက်မှတ်တမ်းတင်သည့် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းစနစ်များ |
| EBP | electronic ballot printer<br>အီလက်ထရောနစ်မဲပြားများ ရိုက်ထုတ်သည့်စက် |
| EMB | electoral management body<br>ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ |
| EUR | euro<br>ယူရိုငွေကြေး |
| ICT | information and communication technology<br>သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ |
| IDEA | International Institute for Democracy and Electoral Assistance<br>ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးနိုင်ငံတကာအဖွဲ့အစည်း |
| IT | information technology<br>သတင်းအချက်အလက်နည်းပညာ |
| OMR | optical mark recognition<br>စကင်ဖတ်ရှုစစ်ဆေးခြင်း |
| PCOS | precinct count optical scanners<br>သီးသန့်နယ်မြေသတ်မှတ်၍ ရေတွက်သည့် စကင်ဖတ်ရှုစနစ်များ |
| TCO | total cost of ownership<br>ပိုင်ဆိုင်မှုအတွက် စုစုပေါင်းကုန်ကျစရိတ် |
| USD | US dollar<br>အမေရိကန်ဒေါ်လာ |
| VM | voting machine<br>မဲပေးသည့်စက် |
| V VPAT | voter-verified paper audit trail<br>မဲဆန္ဒရှင်က စစ်ဆေးရန်စာရွက်မှတ်တမ်း |
| V VSG | Voluntary Voting System Guidelines<br>မိမိဆန္ဒအလျောက်မဲပေးသည့် စနစ်လမ်းညွှန် |

# ကျေးဇူးတင်လွှာ

ဦးဆောင်ရေးသားသူဖြစ်သည့် ပီတာဝုဖ် (Peter Wolf) နှင့် အထောက်အကူပြုစာရေးဆရာနှစ်ဦးဖြစ်သည့် ရက်ဒီနက်ခ်ကာ ဒီယန်း (Rushdi Nackerdien) နှင့် ဒိုမီနီကို တက်ချီနာဒီ (Domenico Tuccinardi) တို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအချို့သည် ဤစာတမ်း၏ ပထမဆုံးမူကြမ်းကို တန်ဖိုးမဖြတ်နိုင်သော တုံ့ပြန်ချက်များ၊ အမှားပြင်ပေးမှုများနှင့် ဖြည့်စွက်ချက်များကို ပြုလုပ်ခဲ့ကြပါသည်။ ယင်းတို့မှာ Fabio Bargiacchi, Jordi Barrat I Esteve, Ingo Boltz, Susanne Caarls, Andrew Ellis, Manuel Kripp, Niall McCann, Betilde Munoz-Pogossian နှင့် အမေရိက ကန်ပြည်နယ်များအဖွဲ့အစည်း (Organization of American States) ၏ နည်းပညာကျွမ်းကျင်သူများ၊ ဘရာဇီးနိုင်ငံရွေးကောက်ပွဲခုံရုံး (the Brazilian Superior Elections Tribunal) တို့ဖြစ်သည်။

INTERNATIONAL IDEA

INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

"အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်းအား ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပိုမိုထိရောက်မှု ရှိစေရန် ပြုလုပ်ခြင်းနှင့် ၎င်း၏စီမံခန့်ခွဲမှုအပေါ် ယုံကြည်မှုမြင့်မားစေခြင်းတို့အတွက် ကိရိယာတစ်ခုအဖြစ် များသောအားဖြင့်ရှုမြင်ကြသည်။ သင့်တင့်လျောက်ပတ်စွာအကောင်အထည် ဖော်ဆောင်ရွက်ပါက အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း၏ ရလဒ်များအနေဖြင့် မဲပြား၏ လုံခြုံစိတ်ချရမှုကို တိုးမြင့်လာစေခြင်း၊ ရွေးကောက်ပွဲရလဒ် တွက်ချက်သည့် လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြင့်မားစေခြင်းနှင့် မဲပေးခြင်းကို ပိုမိုလွယ်ကူလာစေခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။ သို့သော် စိန်ခေါ်ချက်များမှာ အတော်အတန်ကြီးမားပါသည်။ သေချာကျနစွာ စီမံ၍ ဒီဇိုင်းရေးဆွဲထား ခြင်းမရှိပါက အီလက်ထရောနစ်နည်းဖြင့်မဲပေးခြင်း သည် ရွေးကောက်ပွဲစနစ်တစ်ခုလုံးအပေါ် ယုံကြည်မှုကို လျော့ပါးစေပါသည်။ ဤမူဝါဒစာတမ်းတွင် အီလက်ထရောနစ်နည်းဖြင့် မဲပေးခြင်း၏ အောင်မြင်မှုကို ပုံဖော်နိုင်မည့်အချက်များအား လက်တွေ့အခြေအနေများကို ထင်ဟပ်၍ဖော်ပြထား သည်။ ထို့အပြင် မဲပေးခြင်းဆိုင်ရာ နည်းပညာအသစ်များကို အသုံးပြုရန် မရွေးချယ်ရသေးမီ အထက်ဖော်ပြပါအချက်များအား ထည့်သွင်း စဉ်းစားခြင်း၏ အရေးပါမှုအားလည်း မီးမောင်းထိုးဖော်ပြထားသည်။"

INTERNATIONAL IDEA
International Institute for Democracy and Electoral Assistance
SE -103 34 Stockholm
Sweden
Tel +46 8 698 37 00
Fax +46 8 20 24 22
E-mail info@idea.int

ISBN 978-91-86565-21-3